ဒီမိုကရက်တစ်မြန်မာ့အသံ
သတင်းလွှာ

# နိုင်ငံရေးအကျဉ်းသားသတင်း

ဇန်နဝါရီ ၂၀၀၅


- မရမ်းကုန်းအမတ် ဒေါ်မေဝင်းမြင့်အား ထောင်သက်တမ်း ၂လ ထပ်မံတိုးမြင့် ၂၊ ဇန်နဝါရီ၊ ၂၀၀၅
- နိုင်ငံရေးအကျဉ်းသား ၂၆ ဦး ထပ်မံလွှတ်မြောက် ၃၊ ဇန်နဝါရီ၊ ၂၀၀၅
- ဒေါက်တာသန်းငြိမ်းအား ပေါင်းတည်ထောင်မှ ပြည်ထောင်သို့ ထပ်မံပြောင်းရွှေ့ ၇၊ ဇန်နဝါရီ၊ ၂၀၀၅
- လူ့အခွင့်အရေးကြေညာစာတမ်း ဖြန့်ဝေသူအား နအဖက ပြစ်ဒဏ်ချတော့မည် ၈၊ ဇန်နဝါရီ။ ၂၀၀၅
- ဖမ်းဆီးခံထားရသည့် အဖွဲ့ချုပ်ဝင်များ၏ အခြေအနေ ၁၁၊ ဇန်နဝါရီ၊ ၂၀၀၅
- နှစ်ရှည် နိုင်ငံရေးအကျဉ်းသားများ ထောင်တွင်း၌ ကျန်းမာရေးဆိုးရွားနေကြ ၁၁၊ ဇန်နဝါရီ၊ ၂၀၀၅
- ရန်ကုန်၌ ဆန္ဒပြခဲ့သူ အမေရိကန်နိုင်ငံသား ဘန်ကောက်၌ သတင်းစာရှင်းလင်းပွဲပြုလုပ် ၁၂၊ ဇန်နဝါရီ၊ ၂၀၀၅
- မန္တလေးထောင်တွင်း၌ နိုင်ငံရေးအကျဉ်းသား ၂ဦး ကျန်းမာရေးဆိုးရွားနေဆဲ ၁၃၊ ဇန်နဝါရီ၊ ၂၀၀၄
- မန္တလေးထောင်တွင်းမှ နိုင်ငံရေးအကျဉ်းသားတဦး ထောင်ဝင်စာတွေ့ခွင့် ပိတ်ပင်ခံရ ၁၄၊ ဇန်နဝါရီ၊ ၂၀၀၅
- ဘိုကလေးမြို့နယ်မှ အဖွဲ့ချုပ်ဝင်များအား ဖျာပုံထောင်တွင်း၌ စစ်ဆေးမှုပြုလုပ် ၁၄၊ ဇန်နဝါရီ၊ ၂၀၀၅
- လူ့အခွင့်အရေးစာတမ်း ဖြန့်ဝေသူ အဖွဲ့ချုပ်ဝင်တဦးအား စစ်ဆေးမည့်ကိစ္စ ထပ်မံ ရက်ရွှေ့ဆိုင်း ၁၄၊ ဇန်နဝါရီ၊ ၂၀၀၅
- ကျန်းမာရေးဆိုးရွားနေသည့် နိုင်ငံရေးအကျဉ်းသားများအခြေအနေ ၁၅၊ ဇန်နဝါရီ၊ ၂၀၀၅
- အေဒ်စ်ရောဂါ တားဆီးရေး ဆောင်ရွက်နေသူ အဖွဲ့ချုပ်ဝင် ၁ ဦးအား ဖမ်းဆီးအရေးယူ ၁၇၊ ဇန်နဝါရီ၊ ၂၀၀၅
- နိုင်ငံရေးအကျဉ်းသားအချို့ ကျန်းမာရေးအခြေအနေ ဆိုးရွားနေကြောင်းသိရ ၁၈၊ ဇန်နဝါရီ၊ ၂၀၀၅
- နိုင်ငံရေးအကျဉ်းသားဆရာဝန်များလွတ်မြောက်ရေး လန်ဒန်ဆရာဝန်များအသင်းက ဆောင်ရွက် ၁၈၊ ဇန်နဝါရီ၊ ၂၀၀၅
- နိုင်ငံရေးအကျဉ်းသား ကိုရွှေမောင်အား ရိုက်နှက်နှိပ်စက်ပြီး တိုက်ပိတ်ထားကြောင်းသိရ ၂၀၊ ဇန်နဝါရီ၊ ၂၀၀၅
- လူ့အခွင့်အရေးစာတမ်းဖြန့်ဝေမှုဖြင့် စစ်ဆေးခံနေရသူ စောဘန်ကူးအား အပြစ်မှ လွှတ်လိုက် ၂၀၊ ဇန်နဝါရီ၊ ၂၀၀၅
- ဒေါက်တာသန်းငြိမ်းအား ထောင်သက်တမ်း ၁ နှစ် ထပ်မံ တိုးလိုက်ပြန်ပြီ ၂၁၊ ဇန်နဝါရီ။ ၂၀၀၅
- ဖမ်းဆီးခံထားရသော ရန်ကုန်တိုင်းမှ အဖွဲ့ချုပ်ဝင်များအား မိသားစုတို့က တွေ့ခွင့်မရသေး ၂၄၊ ဇန်နဝါရီ၊ ၂၀၀၅
- ဘိုကလေးမြို့နယ်မှ အဖွဲ့ချုပ်ဝင်များ အမှု ယခုလ ၂၇ ရက်နေ့တွင် ဆက်လက်စစ်ဆေးမည် ၂၄၊ ဇန်နဝါရီ၊ ၂၀၀၅
- **ICRC** ကူညီမှုဖြင့် ကလေးမြို့ အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသားများ စာရေးခွင့်ရရှိ ၂၇၊ ဇန်နဝါရီ၊ ၂၀၀၅
- လူ့အခွင့်အရေးကြေငြာစာတမ်း ဖြန့်ဝေသူ ၃ ဦး တိမ်းရှောင်နေရဆဲ ၂၇၊ ဇန်နဝါရီ၊ ၂၀၀၅
- ဘိုကလေးမြို့နယ်မှ အဖွဲ့ချုပ်ဝင်များ၏အမှု ဖေဖော်ဝါရီ ၂ ရက်နေ့တွင် စီရင်ချက်ချမည် ၂၈၊ ဇန်နဝါရီ၊ ၂၀၀၅
- ဒေါက်တာသန်းငြိမ်း ပြည် အကျဉ်းထောင်အတွင်း၌ ကျန်းမာရေးအခြေအနေ ပိုမိုဆိုးရွားနေ ၃၀၊ ဇန်နဝါရီ၊ ၂၀၀၅

## မရမ်းကုန်းအမတ် ဒေါ်မေဝင်းမြင့်အား ထောင်သက်တမ်း ၂လ ထပ်မံတိုးမြှင့်

*၂၊ ဇန်နဝါရီ၊ ၂၀၀၅*

အင်းစိန်ထောင်၌ မတရားအကျဉ်းကျခံနေရသည့် မရမ်းကုန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်မေဝင်းမြင့်ကို အာဏာပိုင်တို့က ပုဒ်မ ၁၀ (က) ဖြင့် ထောင်သက်တမ်း ၂ လ ထပ်မံတိုးလိုက်သည်ဟု သိရသည်။

ပြီးခဲ့သည့်လ ၂ ရက်နေ့က ထပ်မံ တိုးမြှင့်လိုက်ခြင်းဖြစ်ပြီး ၁၀ (က) ဖြင့် ၂ လတကြိမ် သက်တမ်းတိုးခံနေရသည်မှာ ယခု တတိယအကြိမ်ဖြစ်ကြောင်း ဒေါ်မေဝင်းမြင့်၏ ခင်ပွန်း ဦးဝင်းမြင့်ကပြောဆိုသည်။ ဒေါ်မေဝင်းမြင့်၌ သေမင်းနှင့်အမြဲ စိမ်ခေါ်နေရသည့် နှလုံးရောဂါအပြင် သွေးတိုးနှင့် မျက်လုံးဝေဒနာတို့ပါ ခံနေရသည်ဟုလည်း ဦးဝင်းမြင့်က ပြောဆိုသည်။ ယခု ကန်တော်ကြီးထောင့်ရှိ မျက်စိအထူးကုဆေးရုံကို ၁ လ ၁ ကြိမ် ပုံမှန်ထွက်ပြနေရကြောင်း ပြောဆိုသည်။ ထို့ကြောင့် ဒေါ်မေဝင်းမြင့်၏ကျန်းမာရေးအတွက် အထူးစိုးရိမ်နေရကြောင်း ဦးဝင်းမြင့်က ယခုလိုပြောပြခဲ့သည်။

"အဲလိုပဲ သူ့ကျန်းမာရေးက ကျနော်လည်း စိုးရိမ်နေရတာပေါ့ဗျာ။ မျက်လုံးက သူက သွေးတိုးကြောင့်မို့လို့ နှလုံးမှာ လာထိတယ်ပေါ့ဗျာ။ နှလုံးကြောင့် မျက်လုံးမှာရှိနေတဲ့ သွေးကြောလေးတွေ အဲဒီဟာ အတွက်ကို သူပြနေရပါတယ်။ နှလုံးကိုထိလာတဲ့အခါကျတော့ ရာသီဉတုအခြေအနေကြောင့်သော်လည်းကောင်း၊ သို့မဟုတ် အစားအသောက် အခြေအနေကြောင့်သော်လည်းကောင်း သို့မဟုတ် သူ့ရဲ့ Tenion ကြောင့်သော်လည်းကောင်း ဒါက အချိန်မရွေး Attack လုပ်နိုင်တယ်လေ။ နှလုံးရောဂါဆိုတာ သေမင်းနဲ့ Challoenge လုပ်ရတဲ့ ကိစ္စပဲလေ။ ပြောရရင်တော့ မြင်နေတဲ့အခြေအနေက ကောင်းတယ်ဆိုပေမယ့်လို့ အချိန်မရွေး မကောင်းတဲ့ အခြေအနေမျိုး ရှိနိုင်တာပေါ့ဗျာ"

အကျဉ်းသားများပြန်လွှတ်ပေးချိန်က လွှတ်လာမည်ဟု မျှော်လင့်ခဲ့သော်လည်း ယခု ထောင်သက်တမ်း ထပ်မံတိုးလိုက်၍ မျှော်လင့်ချက် သိပ်မရှိတော့ဟု ဆိုသည်။ ဒေါ်မေဝင်းမြင့်ကိုယ်တိုင်လည်း ကြံ့ခိုင်မှုရှိအောင် နေ့စဉ် တရားထိုင်သည့်နည်းဖြင့် ကြိုးစားနေရကြောင်း မကြာမီးကမှ ထောင်ဝင်စာတွေ့ပြီးပြန်လာသည့် ဦးဝင်းမြင့်က ယခုလို ဆက်လက်ပြောပြခဲ့သည်။

"ကျနော်တွေ့တဲ့အခါမှာ မေးတယ်ပေါ့လေ။ ဒီ အမိန့်ကြေညာစာ ထွက်ပြီးတဲ့နောက်ကို မျှော်တာတော့ ဒါတော့ မျှော်တော့ မျှော်ထားပေါ့လေ။ ဒါပေမယ့် ကိုယ့်စိတ်ကို သပ်ပြီး မလှုပ်ရှားဖို့ ကျနော်ပြောတဲ့အခါကျတော့ သူက သူ့ကိုယ်သူ စိတ်ကိုတည်ငြိမ်အောင်လို့ တရားတွေ ဘာတွေ သူထိုင်နေပြီ၊ ဒီအတွက်ကြောင့် သူ့အနေနဲ့တော့ နဂိုကမျှော်နေတဲ့ကြားထဲမှာ မမျှော်တော့ဘူးပေါ့ဗျာ။ အဲလိုပါပဲ။ ကျနော်တို့ အပြင်ကလူကျတော့လည်း သူများ ဥပမာ ဦးအုန်းမောင် ထွက်လာပြီးတဲ့နောက်မှာ ကျနော်တို့ထွက်လာမယ်လို့ … ဒီနေ့ဆိုလည်း နောက်ဖေးမှာ အလုပ်လုပ်နေရင်းနဲ့ ကားသံကြားလို့ရှိရင် ထွက်ကြည့်လိုက်၊ ကားသံကြားရင် ရှေ့ထွက်ကြည့်လိုက်၊ နောက်ပိတ်ဆုံး ကြာကြာနေတော့ ကိုယ်ကပဲ စိတ်ကတက်သွားပြီးတော့ အဲဒါနဲ့ပဲ ကျနော်လဲ ကိုယ်လုပ်စရာရှိတာ အပြင်ထွက်လုပ်နေလိုက်တယ်။ မျှော်ရတာတော့ အရမ်းစိတ်ထဲမှာ ဘယ်လိုပြောမလဲ။ Tention များတယ်ပေါ့ဗျာ။ အပြင်ကလူက၊ သူ့အနေနဲ့တော့ သူ့ကိုယ်သူ တရားထိုင်ပြီးတော့ Control လုပ်တယ်လို့ ပြောပါတယ်"

အစသို့

## နိုင်ငံရေးအကျဉ်းသား ၂၆ ဦး ထပ်မံလွှတ်မြောက်

*၃၊ ဇန်နဝါရီ၊ ၂၀၀၅*

တောင်ကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခင်၊ ကဗျာဆရာ ဖျာပုံနီလုံဦး၊ အားကစားဂျာနယ် အယ်ဒီတာ ကိုဇော်သက်ထွေးသေဒဏ်ချမှတ်ခံထားရသည့် ကေအဲန်ယူ အဖွဲ့ဝင် ဦးတင်စိုးတို့ အပါအဝင် နိုင်ငံရေးအကျဉ်းသား ၂၆ ဦးကို အာဏာပိုင်တို့က ယနေ့ ပြန်လွှတ်ပေးလိုက်ကြောင်း သိရသည်။

ပြန်လည်လွှတ်မြောက်လာသူများမှာ အင်းစိန်ထောင်မှ ကဗျာဆရာ ဖျာပုံနီလုံဦး (ခေါ်) ဦးအောင်မြင့်၊ **(First Eleven)** အားကစားဂျာနယ်အယ်ဒီတာ ကိုဇော်သက်ထွေး ၊ အိုင်အယ်လ်အို ကို သတင်းပေးသည်ဆိုပြီး သေဒဏ်ချမှတ်ခံထားရသည့် ပဲခူးမြို့မှ ဦးအေးမြင့်၊ နိုင်မင်းကြည် ရန်ကုန်တိုင်းအဖွဲ့ချုပ်ဝင် ကိုမြစိုး (ခေါ်) ကိုရွှေဂျိုး၊ သရက်ထောင်မှ ၄ ဦးပါဝင်ပြီး ဦးကျော်ခင် (အဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တောင်ကြီးမြို့နယ် အမတ်၁ မဲဆန္ဒနယ်မြေ) ဦးသိန်းဒန် (အဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ဝင်၊ မန္တလေး တိုင်းစည်း)၊ ကိုမြင့်စိုး (အဖွဲ့ချုပ်– ဗဟိုလူငယ်)၊ ဦးတင်စိုး (ကေအဲန်ယူ) မြင်းခြံထောင်မှ ကိုစိုးအောင်၊ ကိုအောင်မြတ်၊ ကိုမောင်မောင်၊ ရွှေဘိုထောင်မှ လွှတ်မြောက်လာသူ ၂ ဦးမှာ ကိုမောင်မြင့်နှင့်ကိုခင်မောင်လတ်၊ ပြည်အကျဉ်းထောင်မှ ၃ ဦး လွှတ်မြောက်လာခဲ့ပြီး ၎င်းတို့မှာ ကိုဖိုးပါ (ခေါ်) ကိုသန်းထွန်းဦး၊ ကိုမောင်မောင် (ခေါ်) ဟိန်းလတ်အောင်၊ ကိုဗလ (ခေါ်) ကိုရဲကျော်လွင်၊ မြစ်ကြီးနားထောင်မှ ၃ ဦး လွှတ်မြောက်ခဲ့ရာ ကိုမျိုးညွှန့်၊ ကိုထွန်းလွင်နှင့် ကိုသန်းနိုင် မြောင်းမြထောင်မှ ဦးသာလင်းတင်၊ ကိုဖုန်းသက်ပိုင်နှင့် ကိုအောင်ခိုင်ဇော် တောင်ငူထောင်မှ ကိုဟိန်းထက်အောင်၊ ရဲကျော်လွင်နှင့် သန်းထွန်းဦးတို့ဖြစ်ကြသည်။

ယနေ့ပြန်လွှတ်လာသူများထဲတွင် အသက် ၆၉ နှစ် ရှိနေပြီဖြစ်သည့် ဦးသိန်းတန်မှာ နှလုံးနှင့် သွေးတိုးရောဂါများ ခံစားနေရပြီး မကြာခဏ ခေါင်းမူးနေသည်ဟု သိရသည်။ ဗဟိုလူငယ်အဖွဲ့ဝင် ကိုမြင့်စိုးကမူ မျက်စိဝေဒနာခံစားနေရပြီး၊ ကျန် လွှတ်မြောက်လာသူများလည်း ကျန်းမာရေးစောင့်ရှောက်မှု ပြန်လည်လက်ခံယူရဦးမည်ဟု သိရသည်။ ၎င်းတို့အားလုံးကို နအဖ နှောင်ကြိုးမဲ့ ပြန်လွှတ်ပေးလိုက်ခြင်း ဖြစ်ကြောင်းလည်း သိရသည်။ အစသို့

## ဒေါက်တာသန်းငြိမ်းအား ပေါင်းတည်ထောင်မှ ပြည်ထောင်သို့ ထပ်မံပြောင်းရွှေ့

*၇၊ ဇန်နဝါရီ၊ ၂၀၀၅*

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်းကို ပေါင်းတည်ထောင်မှ ပြည်ထောင်ကို ပြောင်းရွှေ့ပြီး ချုပ်နှောင်ထားလိုက်ကြောင်းသိရသည်။ မနေ့က ညနေ ၅ နာရီခွဲခန့်တွင် ပြည်အကျဉ်းထောင်ကို ကားဖြင့် ခေါ်သွားသည်ကို သိရပြီး၊ မည်သည့်အတွက်ကြောင့် ထောင်ပြောင်းရသည်ကို ယခုထိ မသိရသေးကြောင်း ဇနီးသည် ဒေါ်ခင်အေးက ပြောပြသည်။ ဒီဇင်ဘာ ၈ ရက်နှင့် ယခုလ ၅ ရက်နေ့များက အသည်းဌာနနှင့် ပြသရန် ရက်ချိန်းရှိသော်လည်း ဒေါက်တာသန်းငြိမ်းကို ဆရာဝန်နှင့်ပေးမပြပဲ ယခုလို ပြောင်းရွှေ့လိုက်သည့်အပေါ် အထူးစိုးရိမ်မိသည်ဟုလည်း ဒေါ်ခင်အေးကပြောဆိုသည်။ ပြည်ထောင်ကိုပြောင်းလိုက်သည့်အတွက် ကျန်းမာရေးကုသမှုအခြေအနေ ပိုဆိုးသွားနိုင်မှု ရှိမရှိ မေးမြန်းခဲ့ရာ ဒေါ်ခင်အေးက ယခုလိုပြောပြသည်။

"အမှန်ကတော့ ဖြစ်တယ်ဆိုလို့ရှိရင် ရောဂါနည်းနည်းတခုခုဖြစ်တယ်ဆိုရင်တော့ အဲဒီမှာတော့ အထူးကုဆရာဝန်တွေရှိတော့ ကောင်းတော့ကောင်းတာပေ့ါနော်။ ဒါပေမယ့် သူပြရမယ့်ဆရာဝန်တွေနဲ့ ပြဖို့တော့လိုတာပေ့ါ"

ဒီဗွီဘီ — ဟုတ်ကဲ့ခင်ဗျာ၊ ထောင်သစ်တခုကိုထပ်ပြောင်းလိုက်ပြီးဆိုတော့ ထောင်ဝင်စာသွားတွေ့ဖို့အခြေအနေရော ဘယ်လိုမျိုးရှိလဲခင်ဗျာ။

"အန်တီအခုစုံစမ်းဆဲပါ။ အန်တီကတော့ သွားချင်ပါတယ်။ ဒါပေမယ့် ဟို သူတို့က ဘယ်နေ့ကို ဘယ်သူတွေ့ရတယ်၊ မတွေ့ရဘူးဆိုတာတွေက ရှိသေးတယ်လေ (၅) ညမှာ။ အသစ်ဆိုတော့ အန်တီက ပြန်ပြီးတော့ ဘယ်နေ့တွေ့ရမလဲ၊ နေဖို့စားဖို့ ဘယ်လိုလဲ ဒါတွေပြန်လေ့လာရအုံးမှာပေ့ါ"

ဒီဗွီဘီ — ဟုတ်တယ်အန်တီ၊ အခုလာမယ့် ၁၈ ရက်နေ့ဆိုလို့ရှိရင် ဒီ (၁၀) က နဲ့တိုးထားတာတောင်မှ နှစ်လသက်တမ်းက ပြည့်တော့မှာပေ့ါ ဆိုတော့ဘယ်လိုရှေ့လျှောက်ပြီးတော့ခင်ဗျာ (၁၀) က နဲ့ထပ်တိုးမလား၊ ဒါမှမဟုတ် ဘယ်လိုမျိုး မျှော်လင့်ထားသလဲခင်ဗျာ။

"အစကတည်းက အပြစ်မှမရှိတာ မပြစ်မရှိတဲ့လူတစ်ယောက်ကိုတော့ ဆက်ချုပ်ထားမယ်လို့တော့ မထင်တော့ ပါဘူး"

ဒီဗွီဘီ — ဟုတ်ကဲ့၊ စောစောပြန်လွှတ်လာမယ်လို့တော့ မျှော်လင့်ထားတာပေ့ါ အန်တီ။

"မျှော်လင့်တယ်လို့တော့ သိပ်တော့လည်းမဟုတ်ဘူးပေ့ါလေ။ ဖြစ်သင့်တာကိုတော့ အန်တီခန့်မှန်းတာပေ့ါလေ"

ဒီဗွီဘီ — ဟုတ်ကဲ့ခင်ဗျာ။ ဆိုတော့ အခုပြန်လွှတ်ပေးရမယ့်အစားပေ့ါလေ ကျန်းမာရေးမကောင်းတဲ့ကြားကနေ ဆက်ဖမ်းထားတဲ့အခါကျတော့ ဇနီးသည်တစ်ယောက်အနေနဲ့ဘယ်လိုမျိုး စိုးရိမ်ပူပန်မှုပေ့ါခင်ဗျ၊ ဘယ်လိုရှိလဲ ခင်ဗျာ။

"နဂိုကတည်းကအပြစ်မရှိဘဲ အခုလိုရက် ခြောက်ဆယ်၊ ခြောက်ဆယ် ထပ်တိုးနေတာ ဘာကြောင့်လဲဆို တာ အန်တီလည်း ဘယ်လိုမှစဉ်းစားလို့မရပါဘူး။ အန်ကယ်အနေနဲ့လည်း တကယ်ကိုကုမရတဲ့ရောဂါကြီးတွေလည်း ဖြစ်နေပါပြီလေ။ အန်တီကတော့လေ တခြားလူတွေလည်းလွှတ်နေပြီဆိုတော့ လွှတ်ချင်တာပေ့ါ "။

အာဏာပိုင်တို့အနေဖြင့် နိုင်ငံရေးအကျဉ်းသားများကို ထောင်အပြောင်းအရွှေ့လုပ်သည့်အခါ သက်ဆိုင်ရာ မိသားစုများကို အသိပေးအကြောင်းကြားခြင်းမရှိသည့်အပေါ် အထူးစိတ်ပျက်မိသည်ဟုလည်း ဒေါ်ခင်အေးက ပြောဆို သည်။

အလားတူ တောင်ငူမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်းကိုလည်း မိသားစုများကို ကြိုတင် အသိပေးခြင်းမရှိပဲ ယခုလ ၁ရက်နေ့ကပင် သရက်ထောင်မှ ရန်ကုန်ထောင်သို့ ပြောင်းရွှေ့လိုက်ကြောင်းသိရသည်။ မည်သည့်အတွက်ကြောင့် ပြောင်းရွှေ့လိုက်သည်ကို မသိရသေး၍ ဦးအောင်စိုးမင်း၏ ကျန်းမာရေးအတွက် စိုးရိမ်နေရကြောင်းလည်း မိသားစုဝင်တို့က ဒီဗွီဘီကို ပြောကြားခဲ့သည်။ အစသို့

## လူ့အခွင့်အရေးကြေညာစာတမ်း ဖြန့်ဝေသူအား နအဖက ပြစ်ဒဏ်ချတော့မည်

*၈၊ ဇန်နဝါရီ။ ၂၀၀၅*

ကုလသမဂ္ဂက ထုတ်ဝေထားသည့် နိုင်ငံတကာလူ့အခွင့်အရေးကြေညာစာတမ်းကို ထပ်ဆင့်ဖြန့်ဝေ၍ ဆိုပြီး ဖမ်းဆီးခံ နေရသည့် ရောဝတီတိုင်း ဘိုကလေးမြို့က စောဇန်ကူး၏အမှုကို လာမည့်သီတင်းပတ်တွင် စီရင်ချက်ချတော့မည်ဟု သိရသည်။

အသက် ၃၀ ပတ်ဝန်းကျင်ရှိ အဖွဲ့ချုပ်လူငယ်အဖွဲ့ဝင် စောဇန်ကူးမှာ ဘိုကလေးမြို့နယ် မြင်းကကုန်းရွာက ဖြစ်ပြီး ဒီဇင်ဘာ ၆ ရက်နေ့က အခြားအဖွဲ့ဝင် ၁၃ ဦးနှင့်အတူ အာဏာပိုင်တို့၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ စတင် အဖမ်းခံရသည့်အမှုမှာ အမျိုးသားအောင်ပွဲနေ့ကျင်းပရန် ကြံစည်မှုဖြစ်သော်လည်း ထိုအထဲကမှ စောဇန်ကူး တဦးတည်းကို လူ့အခွင့်အရေး စာရွက်စာတမ်းဖြန့်ဝေမှုဖြင့် ပထမဆုံးစစ်ဆေးပြီး စွဲချက်တင်လိုက်ခြင်းဖြစ်သည်။ ၎င်းတို့ ၁၄ ဦးစလုံး ဖျာပုံထောင်၌ ဖမ်းဆီးခံနေရဆဲဖြစ်ပြီး စောဇန်ကူးကိုမူ ယခုလ ၆ ရက်နေ့က အပြီးသတ်စစ်ဆေး၍ ယခုလို စွဲချက်တင်ခဲ့ခြင်းဖြစ်ကြောင်း အမှုကို လိုက်ပါဆောင်ရွက်ပေးနေသူ အဖွဲ့ချုပ်ရှေ့နေ ဦးတင်ဝင်းက ယခုလိုရှင်းပြသည်။

"စောဇန်ကူး အမှုက နှစ်မှု။ သူက ကဒုံကနိမှာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း စာအုပ်တွေကို ဖြန့်တယ်ဆိုတဲ့အမှုက ၁ မှု၊ နောက်တခါ အဲဒီ အမာမြို့နယ်ခွဲမှာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းတွေကို ဖြန့်တယ်ဆိုတာ ၁ မှု၊ အဲဒီဟာ ၂ မှု ရှိတယ်။ အဲဒီ ၂ မှုလုံးကို ဖျာပုံအကျဉ်းထောင် သီးသန့်တရားရုံးမှာ တခါတည်း သူ့ကို အချုပ်ထားပြီးတော့ အဲဒီမှာတင်ပဲ တရားရုံးမှာ သူ့ကို စစ်တာပေါ့။ ၂ မှုလုံးက တရားလိုအားလုံး ၂ မှုတဖက်က ၄ ယောက် နေတယ်။ တဖက်က တရားလိုပြသက်သေ ၅ ယောက် အားလုံး ၉ ယောက် အဲဒါက ၁ မှု ဆီကနေ ၂ မှုလုံးကို စစ်ပြီးတော့ စောဇန်ကူးကို စွဲချက်တင်လိုက်ပြီးပြီ"

ထိုသို့ စစ်ဆေးသည့်အခါ စောဇန်ကူး ဘက်က အမှန်အတိုင်း ပြောဆိုခဲ့ပြီး ကုလသမဂ္ဂက ထုတ်ထားသည့်စာအုပ်၊ စာရွက်ကို ဖြန့်ဝေသည့်အတွက် မည်သို့ အပြစ်ရှိကြောင်း တရားသူကြီးကို မေးခွန်းထုတ်ခဲ့သည်ဟု ဆိုသည်။ စောဘန်ကူး၏ ရှေ့နေများကလည်း အပြစ်မရှိကြောင်းပြောဆိုသည့်အခါ တရားလိုသက်သေ ပုလိပ်အရာရှိတို့က ကုလသမဂ္ဂက ထုတ်သည့် စာရွက်စာတမ်းများတွင် ပုံနှိပ်သူနာမည် မပါသည့်အတွက် ဖမ်းဆီးရခြင်းဖြစ်သည်ဟု ထွက်ဆိုခဲ့ကြောင်းလည်း ယခုလို ရှင်းပြသည်။

"ဒါတွေကို စောဇန်ကူးက မငြင်းဘူး၊ မှန်တယ်။ သူ့ ဖြန့်တယ် သူ ရဲရဲပြောတယ်။ သူဘာဖြစ်လို့ ဖြန့်လဲဆိုတော့ ဒီစာအုပ်တွေက ကမ္ဘာသူ ကမ္ဘာသားတွေ ရသင့် ရအပ်တဲ့ အခွင့်အရေးနဲ့ သက်ဆိုင်လို့ သူဖြန့်တယ်။ ဒီစာအုပ်တွေထဲမှာ အစိုးရအဖွဲ့ကို အကြည်ညိုပျက်စေတဲ့ စာသားတွေမပါဘူး။ နိုင်ငံတော်ကို ဆူပူအောင်၊ ပုန်ကန်ထကြွအောင် လှုံ့ဆော်တဲ့စာ မပါဘူး။ လူသားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးရအောင်ပဲ။ ကောင်းတာကို ရေးထားတဲ့အတွက်ကြောင့်မို့လို့ ဒီစာသားတွေဟာ အဆိပ်အတောက် မဖြစ်ဘူး။ တရားရုံးမှာကို သူက လူ့အခွင့်အရေးကြေညာစာတမ်းထဲက စာတမ်းအပိုဒ်အချို့ကို သူ အလွတ်ပြောနိုင်တယ်။ သူ အဲလို ရဲရဲကို ထွက်ဆိုနိုင်ခဲ့တယ်။ ဖမ်းတဲ့လူတွေဟာ အင်္ဂလိပ်စာ မတတ်ကြဘူးခင်ဗျ။ တချို့က ရဲတို့ ရဲကလည်း အင်္ဂလိပ်စာ သူက ဟို သူလည်း မတတ်ဘူးပြောပြီးတော့ 'ဒီကလဲယားရေးရှင်း အော့ဖ် ဟူးမန်းရိုက်' ကို သူ မဖတ်တတ်ဘူးတဲ့။ အတွင်းစာအုပ်တောင် လှန်မကြည့်ဘူးတဲ့ သူက ဟာ...ဘာဖြစ်လို့ မကြည့်လဲဆိုတော့ သူက ကျနော်တို့က အဲ့ဒါကြည့်ဘို့ မလိုဘူးတဲ့။ ဟို ရှေ့ဖုံးနဲ့ နောက်ဖုံးပဲ ကြည့်တတ်တဲ့။ ဒီ ပုံနှိပ်သူ ပရင်တာတို့ ဘာတို့ ပါဘာလစ်ရှာ အဲဒါ မပါလို့ ကျနော်တို့ ဖမ်းတာတဲ့ အတွင်းစာတမ်းကို ကျနော်တို့ သိစရာမလိုဘူး။ ကြည့်လည်း မကြည့်ဘူးတဲ့ အကုန်လုံးက ဒီလို ဆက်တိုက်ကြီးကို လာထွက်တာ။ ကဲ ထွက်ကြည့်တော့ ခင်ဗျာ။"

အမှုသွားအမှုလာအရ စောဇန်ကူးတွင် အပြစ်မရှိကြောင်း ထင်ရှားနေသော်လည်း နအဖ တရားရုံးကမူ ၁၉၆၂ ပုံနှိပ်ထုတ်ဝေခွင့် ဥပဒေ ပုဒ်မ (၁၇) နှင့် စောဇန်ကူးကို စွဲချက်တင်လိုက်ပြီး ဖြစ်သည်။ ထို့ပြင် ထိုအမှုကို လာမည့် သီတင်းပတ်၌ အပြီးသတ် စီရင်ချက်ချတော့မည်ဖြစ်၍ မူလ လူ့အခွင့်အရေးစာစောင်ထုတ်ဝေသည့် ကုလသမဂ္ဂအရာရှိများ အပါအဝင် လူ့အခွင့်အရေးချစ်မြတ်နိုးသူ အားလုံးက စောဇန်ကူး လွတ်မြောက်ရေးအတွက် အချိန်မီ ဝိုင်းဝန်းကြိုးပမ်းစေလိုကြောင်းလည်း ရှေ့နေ ဦးတင်ဝင်းက တိုက်တွန်းသွားခဲ့သည်။ အစသို့

## ဖမ်းဆီးခံထားရသည့် အဖွဲ့ချုပ်ဝင်များ၏ အခြေအနေ

*၁၁၊ ဇန်နဝါရီ၊ ၂၀၀၅*

ပြီးခဲ့သည့်လက ဖမ်းဆီးခံခဲ့ရသည့် သာကေတမြို့နယ် အဖွဲ့ချုပ်ဝင် မသီတာကို အာဏာပိုင်တို့က ပြန်လွှတ်ပေးလိုက်သော်လည်း ကျန်အဖွဲ့ဝင် ၄ ဦးကို ယခုအချိန်အထိ မိသားစုနှင့် တွေ့ခွင့်မပေးသေးဟု သိရသည်။ ရန်ကုန်တိုင်း အဖွဲ့ချုပ်ဝင်တွေဖြစ်ကြသည် အလုံမြို့နယ်မှ ဦးဘမြင့်နှင့် ဦးဘတင့်၊ ကမာရွတ်မြို့နယ်မှ ကိုအောင်မျိုးဆန်း၊ ကိုခင်ကျော်နှင့် သာကေတမြို့နယ်က မသီတာတို့ကို အကြောင်းပြချက် တစုံတရာမပေးပဲ ပြီးခဲ့သည့်လ ၁၉ ရက်နေ့တွင် အာဏာပိုင်များက ဖမ်းဆီးခဲ့ပါ

သည်။ ထို့နောက် ၁၉ ရက်အကြာ ချုပ်နှောင်ထားခဲ့ပြီး ယခုလ ၇ ရက်နေ့ကမှ မသီဂီကို ပြန်လွှတ်ပေးလိုက်ခြင်း ဖြစ်သည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး ရန်ကုန်တိုင်းအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာဝင်းနိုင်ကို မေးမြန်းရာ ယခုလိုပြောဆိုသည်။

"အခုပဲ ကျနော် မသီဂီနဲ့တွေ့တယ် သူကိုအားလုံးပေါင်း ဟို ထိန်းသိမ်းပြီးတော့ ဟိုဟာပေ့ါလေ၊ ၁၉ ရက် ကြာမှာ သောကြာနေ့ပေ့ါ၊ ၇ ရက်နေ့ကနေပြီးတော့ ညနေ ၅ နာရီလောက်မှာ သူတို့ နေအိမ်ပြန်ပို့ပေးတယ်။ အဓိကကတော့ သူတို့အိမ်လာပြီးတော့ ဖမ်းဆီးစဉ်တည်းကိုက စာရွက်စာတမ်းတွေပါ သူတို့ရှာတယ်။ သူ့အခန်းကို ရှာတာပေ့ါလေ စာရွက်စာတမ်းတွေ ရှာတာပေ့ါလေ။ သူတို့ စပြီးတော့ အခုဖမ်းထဲကိုက ဘာစာရွက်စာတမ်းမှ ယူမသွားဘူးတဲ့။ သူ့ကို မေးတော့လည်း အဲလိုပေ့ါ စာရွက်စာတမ်းတွေ ကိစ္စနဲ့ပတ်သက်ပြီးတော့ မေးတယ်တဲ့၊ တခြားလူတွေဆီက စာရွက်စာတမ်း တွေကို ယူလား၊ ဖြန့်သလားပေ့ါ အဲဒါကိုမေးတယ်တဲ့၊ သူက ဒါတွေဘာမှမသိဘူးလေ။ သူလည်း မပတ်သက်ဘူးဆိုတဲ့ အခါ ကျတော့ သူမသိတော့ မသိတဲ့အကြောင်းပြောတယ်။ ပြောပြီးတော့ အခု သူ့ကို ၃ ရက်လောက် အဲမှာ မေးမြန်းပြီးတော့ ၁၉ ရက်အကြာမှာ သူကိုပြန်လွှတ်ပေးလိုက်တာ"

ဒီဗွီဘီ — ဟုတ်ကဲ့ရှင်၊ စာရွက်စာတမ်း ဆိုတာက ဘယ်လို စာရွက်စာတမ်းမျိုးကို ပြောတာလည်းရှင်။

"သူတို့က မေးတာကတော့ တခုပဲတဲ့ စာရွက်စာတမ်း ကိစ္စသိသလားလို့ မေးတယ်တဲ့။ သူကလည်း မသိတဲ့အခါ ကျတော့ မသိဘူးပဲပြောတယ်လေ။ ဘာစာရွက်စာတမ်းမှန်း ဦးတည်ပြီးတော့ မေးတာလည်း သူမသိဘူး။ အဲတော့ သူ့ကို စာရွက်စာတမ်းကိစ္စ သိသလားလို့ မေးတဲ့အခါမှာ သူမသိလို့မသိတဲ့အကြောင်းပဲ သူပြောတယ်။ သူကလည်း မပတ်သက် တဲ့အခါကျတော့ ပြန်လွှတ်ပေးတယ်ပေ့ါ အဲသဘောပဲ"

ဒီဗွီဘီ — ဟုတ်ကဲ့ရှင်၊ ကျန်တဲ့ ၄ ဦးကတော့ ဦးဘမြင့်တို့ ကိုအောင်မျိုးဆန်းတို့ပေ့ါ၊ နောက် ဒေါ်စုခြံ လုံခြုံရေး ယူခဲ့ ဖူးတဲ့ ကိုထွန်းလင်းကျော်လည်း အဖမ်းခံထားရတယ် ဆိုတော့လေ။ သူတို့ ၅ ဦးရဲ့ အခြေအနေကရောရှင့်။

"သူတို့လည်း ဒီနည်းလည်းကောင်းပေ့ါလေ။ သူတို့ကို အခုအချိန်အထိ မိသားစုတွေကလည်း ဘယ်မှာထားလဲ ဆိုတာ မသိရသေးဘူး။ ကျနော်တို့ အဖွဲ့ကလည်း မသိရသေးဘူး။ အခုလိုပဲ စုံစမ်းစစ်ဆေးနေဆဲလို့ပဲ ကျနော်တို့က ယူဆ ရတာပေ့ါလေ။ စုံစမ်းစစ်ဆေးတဲ့ ကာလတခုပေ့ါ၊ ဒီကာလတခုဆိုရင် ဒီမှာက ထုံးစံလိုဖြစ်ပြီးတော့ မိသားစုလည်းမရှိရဘူး။ သက်ဆိုင်ရာ တာဝန်ရှိတဲ့အဖွဲ့ချုပ်ကလည်း မသိရဘူး။ အဲဒါ ကျနော်တို့ဆီမှာ ထုံးစံလိုဖြစ်နေတဲ့ အခါကျတော့ ကျနော်တို့ ဘက်က လိုက်စုံစမ်းတယ် ဆိုလိုရှိရင်လည်း ဘယ်စုံစမ်းရမလဲ မသိဘူး အဲလိုဖြစ်နေတယ်။ အဲလို ဖြစ်နေတဲ့အခါကျတော့ အကြောင်းကြားလာတဲ့အခါပေ့ါ၊ သက်ဆိုင်ရာမိသားစု (သို့မဟုတ်) ထောင်ဝင်စာသွားတွေ့တဲ့အဖွဲ့တွေက အကြောင်း ကြားလာတဲ့အခါကျမှ ကျနော် ဒါ သက်ဆိုင်ရာရုံးတော်ကို ရအောင်ဝင်ပြီးတော့ ရှေ့နေတွေက သူတို့နဲ့တွေ့၊ တွေ့ပြီးတော့ မှ သူတို့ဆီကနေ ကာယကံရှင်တွေက ခွင့်ပြုချက်ရမှ ကျနော်တို့က လိုက်ရတယ်။ အခုလည်း ကျနော်တို့က အထူးသဖြင့် ပေ့ါလေ၊ အလေးထားပြီးတော့ စုံစမ်းနေရတယ်။ အင်းစိန်ထဲမှာ ရုံးထုတ်မလား ရုံးထုတ်မလား ဆိုပြီးတော့ အလေးထား စုံစမ်းနေရတာပေ့ါ။ ဒါကိုပဲ အဓိကထား စုံစမ်းနေရတာပေ့ါ"

ဦးဘမြင့်တို့ ၅ ဦးအတွက် အဖွဲ့ချုပ်ရှေ့နေတွေ ဖြစ်ကြသည့် ဦးမြင့်သောင်းနှင့် ဦးမောင်မောင်လတ်တို့ တာဝန်ယူ ဆောင်ရွက်ရန် စီစဉ်ထားကြောင်းလည်း ဒေါက်တာဝင်းနိုင်က ပြောပြသွားသည်။ အမျိုးသားနေ့ အခမ်းအနားလုပ်ရန် စီစဉ်နေသည်ဆိုပြီး ဖမ်းဆီးခဲ့ထားရသည့် ဗိုလ်ကလေးမြို့နယ် အဖွဲ့ချုပ်ဝင် ၁၂ ဦး၏အမှုကို အာဏာပိုင်များက အားချင်း စစ်ဆေးနေသည်ဟုလည်း သိရသည်။ ပြီးခဲ့သည့် သီတင်းပတ်များက တရားလိုပြ သက်သေ၊ ရဲ၊ ရယကနှင့် ကြံ့ဖွံ့အဖွဲ့တို့ကို စစ်ဆေးခဲ့ပြီး၊ ယနေ့ ဗိုလ်ကလေးမြို့နယ် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ခင်ဘိုကို စတင် စစ်ဆေးခဲ့ကြောင်း မြို့နယ်အဖွဲ့ချုပ်ဝင် တဦးက ယခုလိုပြောပြသည်။

"ဥက္ကဋ္ဌဦးအောင်ခင်ဘိုကို ဒီနေ့စ စစ်တယ်တဲ့ ကိုစောဘန်ကူးအတွက်က UN က သူ့သက်သေလိုက်မယ့် လူက မလာဘူးလို့ ပြောတယ်။ မလာဘူးတဲ့ သူနိုင်ငံခြားကို ပြန်သွားတယ်လို့ ပြောတယ်။ အဲတော့ ဘာမှတော့ မထူးသေးဘူး။ ဒီနေ့က စ စစ်တာပေ့ါနော်။ တရားခံတွေကို သမီးတို့ ဥက္ကဋ္ဌကို အရင်ဦးဆုံးစစ်တယ် ဒီနေ့ ဘာဘ ဦးလှဖေ ကတော့ သမီး တို့ တိုင်းမြို့ တိုင်းဥက္ကဋ္ဌဦးလှဖေကတော့၊ ရောဝတီတိုင်း ဥက္ကဋ္ဌဦးလှဖေကတော့ နောက်တပတ်မှ သူ သက်သေလိုက်ရမယ် တဲ့ တယောက်ပဲစစ်တယ်။ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ခင်ဘိုကို စစ်တာ"

ကျန်အဖွဲ့ချုပ်ဝင်များကို နောက် ၂ ရက်မှ ဆက်တိုက်ဆိုသလို စစ်ဆေးရန်ရှိသေးသည်ဟု သိရသည်။ ထို့အပြင် ကိုစောဘန်ကူးနှင့်အတူ လူ့အခွင့်အရေးစာရွက်စာတမ်းဖြန့်ဝေခဲ့သည့် အဖွဲ့ချုပ်လူငယ် ၃ ဦး၏ နေအိမ်များတွင် အာဏာ ပိုင်တို့က ဖမ်းဝရမ်း လာကပ်သွားကြောင်းလည်း အဆိုပါ ဘိုကလေးမြို့နယ် အဖွဲ့ချုပ်ဝင်က ပြောပြခဲ့သည်။ အစသို့

## နှစ်ရှည် နိုင်ငံရေးအကျဉ်းသားများ ထောင်တွင်း၌ ကျန်းမာရေးဆိုးရွားနေကြ

*၁၁၊ ဇန်နဝါရီ၊ ၂၀၀၅*

မတရားဖမ်းဆီးခံထားရသည့် တောင်ငူမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ကိုအောင်စိုးမြင့် ကျန်းမာရေးမကောင်းသည့်အတွက် အင်းစိန်ထောင်ဆေးရုံတွင် ဆေးဝါးကုသမှု ခံယူနေရကြောင်း သိရသည်။ ဦးအောင်စိုးမြင့်မှာ မူလကတည်းက ဆီးချိုနှင့် သွေးတိုးရောဂါတွေခံစားနေရပြီး တောင်ငူထောင်ထဲအရောက် ပိုဆိုးလာခြင်းဖြစ်သည်။ ထိုသို့ ကျန်းမာရေး မကောင်းသည့်ကြားမှ ဦးအောင်စိုးမြင့်ကို မိသားစုနှင့် ဝေးသည့် သရက်ထောင်သို့ အာဏာပိုင်များက ပြောင်းရွှေ့ခဲ့သည်။ ထို့နောက် သရက်ထောင်၌ အခြေအနေပိုဆိုး၍ ပြီးခဲ့သည့် သီတင်းပတ်ထဲမှာပင် အင်းစိန်ထောင်သို့ ပြောင်းရွှေ့ပေးခဲ့သည်။ ယခု အင်းစိန်ထောင်ဆေးရုံ၌ ဆေးဝါး ကုသမှုခံယူနေရကြောင်း သမီးဖြစ်သူက ယခုလိုပြောပြသည်။

"အခုလောလောဆယ် အင်းစိန်ထောင်မှာထားတယ် အမ။ ထောင်ဆေးရုံမှာ ထားတယ်တဲ့။ ဆီးချိုရယ်၊ သွေးတိုးရယ်၊ နှလုံးလည်း သိပ်မကောင်းဘူးဆိုလားပဲ၊ တောင်ငူထောင်မှာတုန်းက အဲလိုမျိုးပေါ့ ဆရာဝန်က နှလုံးလည်း သိပ်မကြိုက်ဘူးတဲ့၊ အဲဒီတုန်းက အဲလိုမျိုးပြောတယ်။ ဆေးတွေကတော့မပြတ်ဘူး၊ တောက်လျှောက်မပြတ်ဘူး တောက်လျှောက်ပဲ ဆေးတွေကတော့ သောက်နေရတယ်။ အစားနည်းနည်းပဲ စားမှားသွားတဲ့နေဆို ဆီးချိုက ပြန်တက်တယ်။ သွေးတိုးလည်း အစားမှားတာနဲ့ တက်တာပေါ့နော် ဒီတိုင်းပဲ။ ဒါပေမယ့် ဆေးကတော့ တောက်လျှောက် သောက်ရတယ် လုံးဝကို အကုန်လုံးအတွက် ဆေးမပြတ်ဘူးပေါ့နော်။ ပြတ်လို့မရဘူးပေါ့နော် အဲလိုမျိုးပြောတယ်။ တလ နှစ်ခါပေါ့နော်။ ၂၀ ကျော်လောက် တခေါက်ပြန်သွားအုန်းမယ်။ အဲဒီကျမှ အိမ်က အမေတွေဘာတွေ လိုက်သွားမယ်"

ယခုလ ၇ ရက်နေ့က ထောင်ဝင်စာတွေ့ပြီး ပြန်လာသည့် ဦးအောင်စိုးမြင့်၏ သမီးဖြစ်သူ ပြောပြသွားခြင်းဖြစ်သည်။ အလားတူ အခုရက်ပိုင်း ရာသီဥတုအေးလွန်း၍ ကလေးထောင်၌ဖမ်းဆီးခံထားရသည့် ကိုအေးအောင်၏ ကျန်းမာရေးအတွက် စိုးရိမ်ရသည်ဟုလည်း ယနေ့ပင် ထောင်ဝင်စာသွားတွေ့ရသည့် ဖခင်ဦးသောင်းမြင့်က ပြောပါသည်။

"သားငယ် အခုလောလောဆယ် ငှက်ဖျားတော့ မဖြစ်ပြန်ဘူးပေါ့။ ရာသီဥတုက ဒီမှာက တအားအေးတယ်လေ။ နည်းနည်းတော့ စိုးရိမ်တာပေါ့။ ဦးတို့ဒီနေ့ဆိုရင် တနေ့လုံးလို ဘာလဲ နေမမြင်ရပဲ အုံ့မှိုင်းနေတယ်လေ။ အခုဆို မိုးဖွားလေးတွေတောင် ကျနေတယ်ဆိုတော့ ထီးကိုင်နေရတာပေါ့။ နောက် ဒီကရှိတဲ့ လူတွေဆို အကုန်လုံး မီးဖိုနဲ့နေကြတာပေါ့။ ဟိုထောင်ရောက်တော့ သားကိုလည်း ဟိုဟာ ဂျွန်ရာဇာတွေ ဘာတွေလိမ်းဖို့ ဂျွန်ရာဇာတွေလည်း ပေးထားခဲ့တာပေါ့။ နောက် စောင်တွေဘာတွေလည်း ပေးထားခဲ့တာပေါ့။ ထောင်ဆိုတာတော့ ထောင်ပဲလေ သူတို့ပေးတာနဲ့ ကိုယ်ယူသွားတာနဲ့ ရှိတာလေးတော့ ခြုံနေတာပဲ ဒါနဲ့ အအေးဒဏ်ကာဖို့ ကိုယ်ဖန်တီးသလို မီးဖိုလည်း ထဖိုလို့ရတာမှ မဟုတ်တာ လူက တော်တော်များများ မီးဖိုနဲ့နေနေရတယ်။ ဒီနေ့ ဒီနေ့ပေါ့နော် အထူးသဖြင့်"

ထောင် ၅၉ နှစ် ချမှတ်ခံထားရသည့် တက္ကသိုလ်ကျောင်းသား ကိုအေးအောင်၏ ဖခင် ဦးသောင်းမြင့် ဖြစ်သည်။ အလားတူ အဖွဲ့ချုပ်ဝင် ကိုနေဦး၏ ဇနီးသည် မသန္တာကလည်း ခင်ပွန်းအတွက် အထူးစိုးရိမ်မိကြောင်း ယခုလို ပြောပြသည်။

"ဒီနေ့အတွက်ကတော့ ကျမတို့ ရာသီဥတုတွေဟာ အရမ်းချမ်းတယ် ကလေးမြို့ကနော်၊ အရမ်းအေးတယ် ရာသီဥတု အရမ်းအေးတယ် ဆိုတာကတော့ ဆောင်းတွင်းကြီးမှာ မိုးရွာနေတာပေါ့။ နောက်ပြီး ၉ ဒီဂရီလည်း ရှိတယ်။ အဲဒီအတွက် အပြင်ကလူတွေတောင် အဲလောက်အေးနေရင် အထဲလူတွေပိုဒုက္ခရောက်မယ်။ နောက်တခုက အစားအစာ လုံလောက်တဲ့ အာဟာရမရှိဘူး။ နောက်ပြီးတော့ ကျန်းမာရေးအခြေအနေက အခုနက ရာသီရဲ့ ဆိုးဝါးတဲ့ဒဏ်ကို ခံရတယ်။ အဲဒီအတွက် ကလေးက နိုင်ငံရေးအကျဉ်းကျတွေ အတွက်ကျတော့ စိုးရိမ်စရာရှိပါတယ်။ တော်တော်ကို ကျန်းမာရေးထိခိုက်မှာပဲ ဘာလို့လည်းဆိုတော့ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ အားနည်းနေကြတယ်။ မမျှော်လင့်တဲ့ အန္တရာယ်တွေရှိတယ်လေ။ အခြေအနေဆိုတာလည်း ကျမတို့ အပြင်ကလူတွေတောင် ခပ်ရဲရဲ့ရယ်၊ အထဲကလူက ပိုဆိုးတာပေါ့"

ကိုနေဦးနှင့်အတူ ကလေးထောင်၌ နှစ်ရှည် နိုင်ငံရေးအကျဉ်းသား ၆ ဦး ဖမ်းဆီးခံထားရသည်ဟုလည်း မသန္တာက ပြောဆိုသည်။ ၎င်းတို့ ၆ ဦးမှာ ကိုနေဦး၊ ကိုအေးအောင်၊ ပဏ္ဍိတ်ထွန်း၊ ကိုကျော်ဇော်၊ ကိုစောဝင်း (ခ) ခင်ဇော်ဦးနှင့် ဦးစန္ဒာသီရိတို့ ဖြစ်ကြသည်။ အစသို့

## ရန်ကုန်၌ ဆန္ဒပြခဲ့သူ အမေရိကန်နိုင်ငံသား ဘန်ကောက်၌ သတင်းစာရှင်းလင်းပွဲပြုလုပ်

*၁၂၊ ဇန်နဝါရီ၊ ၂၀၀၅*

ယခုလ ၈ ရက်နေ့က ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ တကိုယ်တော်ဆန္ဒပြခဲ့သည့် အမေရိကန် နိုင်ငံသား ဂျိုးဇက်မော်နာဟန်က အာဏာပိုင်တို့အနေဖြင့် မိမိကိုကြမ်းကြမ်းတမ်းတမ်း ဖမ်းဆီးခဲ့ပြီး စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း ဘန်ကောက်မြို့တွင် ပြောဆိုလိုက်သည်။

ဆန္ဒပြနေစဉ် ဖမ်းဆီးရာ၌ မြေကြီးပေါ်တွန်းလှဲခဲ့သည့်အပြင် ဂျစ်ကားရှိရာကို တရွတ်တိုက် ဆွဲခေါ်သွားသည့်အတွက် ခန္ဓာကိုယ်မှာ နာကျင်မှုဖြစ်စေခဲ့ကြောင်း မစ္စတာမိုနာဟန်ကပြောဆိုသည်။ ရဲစခန်းရောက်သည့်အခါ သုံးနာရီကြာ စစ်ဆေးမေးမြန်းခဲ့ပြီးနောက် မိမိတည်းခိုသည့်အခန်းထဲ၌ တညလုံး သော့ပိတ်ခတ်ထားခဲ့တယ်ဟုဆိုသည်။ နောက်တနေ့တွင် လေယာဉ်ကွင်းသို့ခေါ်ဆောင်သွားပြီး ဘန်ကောက်လေယာဉ်ပေါ် အဓမ္မတင်ပေးလိုက်သည်ဟု မစ္စတာ မော်နာဟန်က ပြောကြားခဲ့သည်။ ဂျိုးဇက်မော်နာဟန်မှာ ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံခဲ့သူဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်ရေးသည့် စာအုပ်များကိုလည်း အထူးသဘောကျသူဖြစ်ပါသည်။ ယခုလို ရန်ကန်မြို့ကိုသွားရောက်ပြီး တကိုယ်တော်ဆန္ဒပြရခြင်းမှာ မြန်မာနိုင်ငံရှိ ဒုက္ခရောက်နေသောကလေးငယ်များကို အကူအညီပေးလိုခြင်းသာဖြစ်ကြောင်း ဘန်ကောက်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲအတွင်း ပြောကြားသွားကြောင်း သိရသည်။ အစသို့

## မန္တလေးထောင်တွင်း၌ နိုင်ငံရေးအကျဉ်းသား ၂ဦး ကျန်းမာရေးဆိုးရွားနေဆဲ

*၁၃၊ ဇန်နဝါရီ၊ ၂၀၀၄*

မန္တလေးထောင်၌ မတရား ဖမ်းဆီးထောင်ချခံနေရသည့် နိုင်ငံရေးအကျဉ်းသားများအနက် ကိုသက်ဝင်းအောင်နှင့် ကိုနေလင်းစိုးတို့၏ ကျန်းမာရေးအခြေအနေ ဆိုးဝါးနေဆဲဖြစ်ကြောင်း သိရသည်။ ထောင်ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူနေရဆဲဖြစ်သည့် ကိုသက်ဝင်းအောင်မှာ ရုပ်ပိုင်းဆိုင်ရာအရ ကျန်းမာသော်လည်း စိတ်ပိုင်းဆိုင်ရာအရ တိုးတက်ကောင်းမွန်လာခြင်း မရှိသေး၍ အထူးစိုးရိမ်မိသည်ဟု ယနေ့ ထောင်ဝင်စာသွားတွေ့သည့် ဖခင် ဦးဝင်းမောင်က ပြောဆိုသည်။ ယနေ့မြင်တွေ့ရသည့် ကိုသက်ဝင်းအောင်၏ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်ပြီး ဦးဝင်းမောင်က ယခုလို ပြောပြထားသည်။

"ကျန်းမာရေးအခြေအနေက အဖျားအနာတော့ သိပ်မရှိတော့ဘူးလေ။ ဒါပေမယ့် ဒီမှာက ရာသီဥတုက တော်တော်လေး ဟိုဟာပြုတယ်။ နည်းနည်းပြင်းတာပေ့ါ အေးတာတွေ ဘာတွေ ပိုစူးစူးရှရှဖြစ်တာပေ့ါ။ အဲ့ဒီအတွက်ကြောင့်ပေ့ါ။ ဂရုစိုက်ဖို့တော့ သူ့ကိုပြောရတယ်လေ။ စိတ်ပိုင်းဆိုင်ရာအရတော့ သိပ်အားရဖို့ မကောင်းသေးပါဘူး။ ပြောတာ ဆိုတာတွေက သိပ်မမှန်သေးဘူးပေ့ါ။ ပြောတဲ့စကားကို သူက တခါတလေ လက်ခံချင်မှ လက်ခံတယ်။ အဲဒီ သဘောမျိုးတွေ ဖြစ်နေတယ်။ အစားအသောက်အနေအထိုင်နဲ့ ပတ်သက်ပြီးတော့ ကျနော်တို့က ဘာယူခဲ့ရမလဲ ဘာမှာမလဲ မေးတော့ သူက ခေါင်းပဲ ခါနေတာပဲ။ အဲလို သဘောမျိုးတွေ ဖြစ်နေတယ်"

ထောင်ဝင်စာတွေ့ချိန်၌ ကိုသက်ဝင်းအောင်မှာ ပြောသည်ကိုပဲ နားထောင်ပြီး စကားပြန်ပြောခြင်း သိပ်မရှိကြောင်းလည်း ဦးဝင်းမောင်က ယခုလို ပြောကြားသွားခဲ့သည်။

"ကျနော်တို့ကတော့ သူ့ရဲ့ ကျန်းမာရေးအခြေအနေအရ အပြင်ရောက်လာပြီးရင် သူ့ကို လိုအပ်တဲ့ ကုသမှုဆောင်ရွက်ပေးနိုင်မယ်လို့ ကျနော်တို့ မျှော်လင့်နေကြတာပါပဲ။ အထဲမှာက သူ့ကို သိတ်စိတ်ချထားလောက်တဲ့နေရာ မဟုတ်သေးဘူးလို့လည်း ကျနော် ယူဆပါတယ်။ ယူဆတယ်ဆိုတာ အပြင်မှာနဲ့ အထဲမှာ မတူဘူးပေ့ါလေ။ ဖြစ်ပျက်နေတဲ့ အနေအထားကို လိုအပ်နေတဲ့ စမ်းသပ်မှု၊ ကုသမှုအပိုင်းက လိုနေသေးတယ်လို့ ကျနော်တို့ ခန့်မှန်းတယ်လေ။ တကယ်လို့သာ ကျနော့်စိတ်တိုင်းကျ ကုသနိုင်မယ် စမ်းသပ်နိုင်မယ်ဆိုလို့ရှိရင် သူ့အတွက် ပိုပြီးတော့ အခြေအနေကောင်းလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။" အစသို့

## မန္တလေးထောင်တွင်းမှ နိုင်ငံရေးအကျဉ်းသားတဦး ထောင်ဝင်စာတွေ့ခွင့် ပိတ်ပင်ခံရ

*၁၄၊ ဇန်နဝါရီ၊ ၂၀၀၅*

ရွှေခမောက်ကိစ္စဖြင့် မန္တလေးထောင်၌ အကျဉ်းကျခံနေရသူ မန္တလေးမြို့ ထွန်တုန်းရပ်ကွက်မှ ကိုရွှေမောင်းကို ထောင်ဝင်စာတွေ့ခွင့် ပိတ်ပင်လိုက်ကြောင်း သိရသည်။

ယနေ့ ထောင်ဝင်စာသွားတွေ့သည့် ဇနီးသည်ဒေါ်သန်းဝင်ကို ထောင်အာဏာပိုင်တို့က ကိုရွှေမောင်းနှင့် တွေ့ခွင့်မပေးပဲ ပြန်လွှတ်လိုက်ခြင်း ဖြစ်သည်။ ကိုရွှေမောင်းကို ပေးရန်ပစ္စည်းများလည်း ပြန်ယူလာခဲ့ရပြီး မည်သည့်အတွက်ကြောင့် ထောင်ဝင်စာတွေ့ခွင့် ပိတ်ပစ်လိုက်သည်ကို မသိခဲ့ရဟု မိသားစုဝင်တို့နှင့် နီးစပ်သူများက ပြောဆိုသည်။ နိုင်ငံရေးအကျဉ်းသား မိသားစုဝင်တို့၏ ပြောဆိုချက်အရ ကိုရွှေမောင်း ထောင်အတွင်း၌ အစာတော်ခံ ဆန္ဒပြနေသည်မှာ ၅ ရက်ခန့်ရှိပြီဖြစ်ကြောင်း မည်သည့်အတွက်ကြောင့် ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း မန္တလေးမြို့က နိုင်ငံရေးအသိုင်းအဝိုင်း၏ ပြောဆိုချက်ကြောင့် သိရသည်။ အစသို့

## ဘိုကလေးမြို့နယ်မှ အဖွဲ့ချုပ်ဝင်များအား ဖျာပုံထောင်တွင်း၌ ဖျာပုံထောင်တွင်း၌ စစ်ဆေးမှုပြုလုပ်

*၁၄၊ ဇန်နဝါရီ၊ ၂၀၀၅*

ဘိုကလေးမြို့နယ်မှ အဖွဲ့ချုပ်လူငယ် စောဘန်ကူး၏ လူ့အခွင့်အရေးကြေငြာစာတမ်း ဖြန့်ဝေမှုကို စစ်ဆေးရန် ရွှေ့ဆိုင်းလိုက်သော်လည်း မူလအမှုဖြစ်သည့် အမျိုးသားအောင်ပွဲနေ့ ကျင်းပရန်ကြံစည်မှုကို ဖျာပုံထောင်အတွင်း မနေ့က စစ်ဆေးခဲ့သည်။ ၎င်းနှင့် အတူဖမ်းခံနေရသူ ၁၁ ဦးမှာ ဘိုကလေးမြို့နယ် ဥက္ကဋ္ဌဦးအောင်ခင်ပို၊ အဖွဲ့ဝင်များဖြစ်သော ဦးအောင်ဌေး၊ ဦးခင်မောင်ချစ်၊ ဦးသက်ထွန်း၊ ဦးတင်ဦး၊ ဦးအောင်မြင့်၊ ဦးဝင်းနိုင်၊ ဦးလှမြင့်၊ ဒေါ်မိမိစီ၊ ဒေါ်နှင်းဆီနှင့် ဒေါ်ခင်ခင်လေးတို့ ဖြစ်သည်။ မနေ့က ဖျာပုံထောင်တွင်း စစ်ဆေးမှုနှင့် ပတ်သတ်ပြီး အမှုကို လိုက်ပါဆောင်ရွက်ပေးနေသူ ရှေ့နေဦးတင်ဝင်းက ယခုလိုပြောပြသည်။

"အခု မနေ့က ကိုအောင်ခင်ပိုတို့ ကိစ္စတွေမှာ တရားခံတွေကို ဆက်စစ်တာပေါ့ ၁၂ ဦးထဲမှာ ၃ ဦး၊ ၄ ဦး စစ်ဖြစ်တာပေါ့။ ဒေါ်နှင်းဆီတို့ ကိုသက်ထွန်းတို့ နောက် ကိုတင်လှ၊ စောဘန်ကူး အဲဒါ ဒီနေ့ ၄ ဦး ဆက်စစ်ဖြစ်တာ စောဘန်ကူးက စာရွက်စာတမ်းကိစ္စဖြန့်ဝေမှု မဟုတ်ဘူးခင်ဗျ။ သူကအခု နှစ်မှု၊ တခုက ကတုံးကတိမှာဝေလို့ ဖြန့်ဝေတဲ့အမှုက တမှု၊ သူက အမာမြို့တွေမှာ ဝေတယ်ဆိုတာ အဲဒီအမှုက တမှု၊ နှစ်မှု စောဘန်ကူးက နောက် တခါ ဦးအောင်ခင်ပိုကို စွဲတဲ့အမှုမှာ သူက ၁၃ ဦးမှာပါတာ တမှု။ သူက သုံးမှုနဲ့စွဲခံထားရတာ စောဘန်ကူးက"

အဆိုပါ စစ်ဆေးမှုအားလုံးကို အကျဉ်းထောင်ထဲ၌ ပြုလုပ်ခဲ့တဲ့၍ ဖမ်းဆီးခံ ၁၂ ဦး၏ မိသားစုများ အပါအဝင် မည်သူမှ ကြားနားခွင့် မရခဲ့ဟုလည်း ဦးတင်ဝင်းက ယခုလို ဆက်လက်ပြောဆိုသည်။

"ဒါကတော့ဗျာ များသောအားဖြင့်ကတော့ နိုင်ငံရေးပြစ်မှုတွေမှန်သမျှကို ရန်ကုန်တဝိုက်မှာ ကျူးလွန်ရင် အင်းစိန်အကျဉ်းထောင်ထဲမှာပဲ အင်းစိန်အကျဉ်းထောင် သီးသန့်တရားရုံးဆိုပြီးတော့ ဖွင့်ပြီးတော့ ဒီလိုလုပ်တယ်။ အခု ဘိုကလေးကျတော့ ဘိုကလေးမှာဖြစ်တာကို ဖျာပုံကို လွှဲတယ်။ ဖျာပုံထောင်မှာဖမ်းတယ်။ ဖျာပုံထောင်ကိုပဲ သူက Open Court မှာ မပေးပဲနဲ့ အများသူတွေ မကြားရအောင် ဆိုပြီးတော့ ဖျာပုံအကျဉ်းစခန်းထဲမှာပဲ တရားရုံးဆိုပြီးတော့ အထဲမှာပဲ စစ်ရတာ။ အပြင်လူဘယ်သူမှ ကြားနာခွင့်မရှိဘူး။ ကြားသိခွင့် မရှိဘူး။ သူတို့မိသားစုတောင် ဝင်းနားတောင်ဝင်မကြည့်ဘူး။ သူတို့ ဥပဒေကတော့ ရှင်းတာပဲ သူတို့ နအဖ ဒီ ၂၀၀၂ ခုနှစ် တရားစီရင်ရေးဥပဒေမှာကိုက အများမြင်သာအောင် စစ်ရမယ်ဆိုတာကြီးက ဒီနည်းကရှိတာပဲ ဥစ္စာ။ အဲဒါကိုပဲ သူတို့ဖို့တွေမှာ စစချင်း ဒီဥစ္စာကို အများပြည်သူ မြင်သာအောင် တရားရုံးမှာ စစ်ခွင့်ပေးတာကို ဆိုတဲ့အခါမှာ လုံးဝပယ်ဖျက်ပြီပြီး၊ ဒါတရားရုံးက သူဆုံးဖြတ်တဲ့နေရာမှာ ဒါ သူ့ တရားရုံးပဲ ဆိုပြီးတော့ အဲလို ဆုံးဖြတ်လို့ ဒါမှမဟုတ်ပဲ ဖျာပုံအကျဉ်းထောင်ထဲမှာပဲ စစ်နေရတဲ့အခြေအနေပါ"

၎င်းတို့ ၁၂ ဦးကို ဒီဇင်ဘာ ၆ ရက်နေ့က ဖမ်းဆီးခဲ့သည့်အတွက် ယခုဆိုလျှင် ၁ လကျော်လာပြီ ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့၏ ကျန်းမာရေးအခြေအနေ စိတ်ဓာတ်ရေးရာအခြေအနေ မည်သို့ရှိကြောင်း ထပ်မံမေးမြန်းရာ၌  ဦးတင်ဝင်းက ယခုလို ဖြေကြားသွားခဲ့သည်။

"နောက်ဆုံးမှာ ဖမ်းထားတယ် ဆိုကတည်းက ကျနော်တို့က ကြိုတွေ့လို့မရဘူး။ သူတို့နဲ့က ထောင်တရားရုံးကို ရောက်တဲ့အခါမှာ သူတို့နဲ့ ခဏတဖြုတ် ၅ မိနစ်လောက် ဝင်ပြီးစကားပြောရတာပဲ  ကိုယ်ရှေ့မှာ စကားပြောရတာပဲ၊ ပြီးတော့ တရားသူကြီးကနေ တိတ်ဆိုရင် တိတ်ပြီးတော့ သူခေါ်တဲ့အတိုင်း ဘယ်သူဆီမမှုပဲ အဲဒါကို အမှု စစစ်ရတာပဲ၊ သူတို့မြင်ရ တာတော့ သူတို့လွတ်လွတ်လပ်လပ်နေခွင့် ရတဲ့ပုံပေါ်တယ်။ သူတို့တွေ မကျူးလွန်ဘူးပေ့ါဗျာ။ စွပ်စွဲထားတဲ့ အလုပ်တွေကို မလုပ်ဘူးဆိုတာ ဒီဘက်က တရားရုံးတွေက ထွက်တယ်။ ထွက်တော့ ဟိုဘက်က အပြန်အလှန်မေးတာ ပေ့ါဗျာ။ ဥပဒေအရာရှိက သူကတော့ သူအတိုင်းဖြေတာပေ့ါဗျာ။ ဖြေပြီးတော့ ကျူးလွန်ခဲ့သလားလို့မေးတယ်။ ဒီဘက်က လူတွေက မကျူးလွန်ဘူးဆိုတာကို ယုတ္တိကျကျ ပြန်ဖြေတာပေ့ါ။ သူတို့က ဘာမှမကျူးလွန်တာမို့ သူတို့ကိုယ်သူတို့ ခွန်အားတွေ အပြည့်ရှိနေတယ်။ အားလုံးအဆင်သင့် တက်ကြွနေတယ်"

ဘိုကလေးအမှုကို ယခုလိုစစ်ဆေးနေသော်လည်း ၎င်းတို့ ၁၂ ဦးနှင့် မရှေးမနှောင်း ဒီဇင်ဘာ ၁၉ ရက်နေ့က ဖမ်းဆီးခံခဲ့ရသည့် ရန်ကုန်တိုင်းအလုံမြို့နယ် ဥက္ကဋ္ဌ ဦးဘမြင့်၊ အဖွဲ့ဝင် ဦးဘတင့်၊ ကမာရွတ်မြို့နယ်မှ ကိုအောင်မျိုးဆန်း၊ ကိုကျော်ခင်နှင့် ဒေါ်အောင်ဆန်းစုကြည် နေအိမ်ဝင်း လုံခြုံရေး တာဝန်ယူခဲ့သူ ကိုထွန်းလင်းကျော်၏အမှုကို ယနေ့အထိ မစစ်ဆေးသေးသည့်အပြင် မည်သည့်နေရာ၌ ဖမ်းဆီးထားသည်ကိုပင် သိခွင့်မရဖြစ်နေကြောင်း ၎င်းတို့၏ မိသားစုဝင်များက ပြောဆိုသည်။

၎င်းတို့ ၅ ဦးထဲမှ ကိုထွန်းလင်းကျော်မှာ ဒေါ်အောင်ဆန်းစုကြည်အပေါ် ပုဒ်မ ၁၀ (က) ဖြင့် ထောင်တနှစ် ထပ်တိုးသည်ကို မကျေနပ်၍ မြို့တော်ခန်းမရှေ့ တကိုယ်တော်ဆန္ဒပြနေစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပြီး။ အခြား ၄ ဦးမှာ စောဘန်ကူးလိုပင် ဒီဇင်ဘာ ၁၀ ရက် နိုင်ငံတကာ လူ့အခွင့်အရေးနေ့တွင် လူ့အခွင့်အရေး ကြေငြာစာတမ်းဖြန့်ဝေ၍ ဖမ်းဆီးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အစသို့

## လူ့အခွင့်အရေးစာတမ်း ဖြန့်ဝေသူ အဖွဲ့ချုပ်ဝင်တဦးအား စစ်ဆေးမည့်ကိစ္စ ထပ်မံ ရက်ရွှေ့ဆိုင်း

*၁၄၊ ဇန်နဝါရီ၊ ၂၀၀၅*

ကုလသမဂ္ဂက ထုတ်ဝေထားသည့် နိုင်ငံတကာလူ့အခွင့်အရေး ကြေငြာစာတမ်းကို ဖြန့်ဝေမှုဖြင့် ဖမ်းဆီးခံနေရသူ ရောဝတီတိုင်း ဘိုကလေးမြို့က စောဘန်ကူး၏ အမှုကို လာမည့်သီတင်းပတ်သို့ ထပ်မံရက်ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။ မနေ့ကပြုလုပ်ခဲ့သည့် ဖျာပုံထောင် တရားရုံး ကြားနားမှုမှ ယခုလို ရက်ရွှေ့လိုက်ခြင်းဖြစ်ပြီး လာမည့် ၂၀ ရက်နေ့တွင် အပြီးသတ်စစ်ဆေးမည် ဖြစ်ကြောင်း အမှုကို လိုက်ပါဆောင်ရွက်နေသူ ရှေ့နေ ဦးတင်ဝင်းက ပြောဆိုသည်။

အသက် ၃၀ ဝန်းကျင်ရှိ အဖွဲ့ချုပ်လူငယ် စောဘန်ကူးမှာ ဘိုကလေးမြို့နယ် မြင်းကကုန်း ရွာကဖြစ်ပြီး ဒီဇင်ဘာလ ၁၆ ရက်နေ့မှာတော့ အခြားအဖွဲ့ဝင် ၁၃ ယောက်နှင့်အတူ အာဏာပိုင်တို့၏ ဖမ်းဆီးမှုကို ခံခဲ့ရသည်။ စတင်ဖမ်းဆီးခံရသည့်အမှုမှာ အမျိုးသားအောင်ပွဲနေ့ ကျင်းပရန် ကြံစည်မှုဖြစ်သော်လည်း စောဘန်ကူးတဦးထဲကိုမူ လူ့အခွင့်အရေး စာရွက်စာတမ်း ဖြန့်ဝေမှုဖြင့် ပထမဆုံးစစ်ဆေး၍ စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။ စောဘန်ကူးနှင့်အတူ သိမ်းဆည်းရမိသည့် လူ့အခွင့်အရေးကြေငြာစာတမ်းများမှာ ရန်ကုန်အခြေစိုက် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် UNDP ရုံးကဖြန့်ဝေထားသော စာရွက်များဖြစ်သည်။ ထို့ကြောင့် UNDP အရာရှိတဦးဦး ဖျာပုံတရားရုံး၌ လာရောက်ထွက်ဆိုပေးရန် စောဘန်ကူး၏ ရှေ့နေတို့က မေတ္တာရပ်ခံခဲ့သော်လည်း ယခုအချိန်ထိ တဦးမှ ပေါ်မလာသေးကြောင်း သိရသည်။ အမှုဖြစ်ပွားချိန်မှာ နှစ်သစ်ကူးကာလဖြစ်သည့်အပြင် ဆူနာမီလှိုင်း ရေလှိုင်းဒဏ်ပြဿနာကြောင့် UN ဝန်ထမ်းတို့ အလုပ်များနေ၍ မလာနိုင်ခြင်း ဖြစ်ပုံရသည်ဟု ဦးတင်ဝင်းက ပြောဆိုသည်။ ထိုကိစ္စနှင့် ပတ်သတ်ပြီး ရန်ကုန် UNDP ရုံးကို ဒီဗွီဘီက အကြိမ်ကြိမ်ဆက်သွယ် မေးမြန်းခဲ့သော်လည်း ၎င်းတို့အရာရှိ ခရီးလွန်နေသည့်အတွက် ဘာမှမပြောနိုင်သေးဟုသာ ဖြေကြားခဲ့သည်။

ရှေ့နေဦးတင်ဝင်းမှာမူ UN အရာရှိတွေ လောလောဆယ် မလာနိုင်သေးသော်လည်း မကြာခင်မီ မိမိတို့နှင့် လာရောက်ဆွေးနွေးလိမ့်မည်ဟု မျှော်လင့်နေသည်။ ထို့ပြင် ယခုကိစ္စမှာ UN တာဝန်မရှိပဲ နအဖမှာသာ တာဝန်ရှိကြောင်း လူ့အခွင့်အရေးကြေငြာချက်ကို ကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်းထားသည့် အစိုးရတရပ်က အဆိုပါ လူ့အခွင့်အရေး ကြေငြာချက်ကို လူအများသိအောင် ဖြန့်ဝေသူအား ဖမ်းဆီးနေခြင်းဆိုသည်မှာ ဥပဒေကြောင်းအရ မည်သို့မျှ ရှေ့နောက် ညီညွတ်မှုမရှိကြောင်းလည်း ဝေဖန်ပြောကြားသွားသည်။ အစသို့

## ကျန်းမာရေးဆိုးရွားနေသည့် နိုင်ငံရေးအကျဉ်းသားများအခြေအနေ

*၁၅၊ ဇန်နဝါရီ၊ ၂၀၀၅*

မန္တလေးထောင်၌ မတရားဖမ်းဆီးခံထားရသည့် နိုင်ငံရေးအကျဉ်းသား ကိုနေလင်းစိုး၏ ကျန်းမာရေးအခြေအနေ ဆိုးဝါးနေကြောင်း သိရသည်။ ထောင် ၅၉ နှစ်ချမှတ်ခံထားရသည် ကိုနေလင်းစိုးမှာ မျက်စိရောဂါနှင့် ကိုယ်လက်ထုံကျင် ဝေဒနာများ ခံစားနေရသည်။ အထူးသဖြင့် စိတ်ဖိစီးသည့်ဒဏ် ခံစားနေရပြီး စိတ်ပိုင်းဆိုင်ရာ တိုးတက်လာခြင်းမရှိသည့်အပေါ် အထူး စိုးရိမ်မိကြောင်း ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ထောင်ဝင်စာ တွေ့ခွင့်ရခဲ့သူ ဖခင် ဦးစံဝင်းက ယခုလိုပြောပြသည်။

“သားအခြေအနေကတော့ ရုပ်ပိုင်းဆိုင်ရာတော့ အတော်လေးတိုးတက်လာပါတယ်။ ဒါနဲ့ စိတ်နဲ့ပတ်သက်လို့ မကောင်းသေးပါဘူး။ မှတ်ဉာဏ်သိပ်မကောင်းဘူး၊ မှတ်ဉာဏ်က သူ့အမေဆွေမျိုးတွေ ၃၊ ၄ ယောက်မေးကြည့်တာ သူ မသိဘူး၊ မမှတ်မိဘူးလို့ပြောတယ်။ နောက်တခုက သူ့သူငယ်ချင်းတွေအကြောင်းလည်း ပြောပြတော့ သူ့သူငယ်ချင်း နာမည်ပြောတော့ သူမမှတ်မိဘူးတဲ့။ ၁ ယောက်၊ ၂ ယောက်ပဲမှတ်မိတယ်။ ၄ ယောက်ပြောတာကို သူ ၁ ယောက်ပဲ သိတယ်လို့ပြောတယ်။ ကျန်တဲ့လူ သူမသိဘူးတဲ့။ သူမှာ မှတ်ဉာဏ်အားမရှိသေးဘူးပေါ့၊ ဆေးနိုင်လို့ ရောဂါအခြေအနေ ဒီအတိုင်းနဲ့ပဲ တန့်နေမယ်ဆိုရင်တော့ ကောင်းလာမယ့်လို့ ထင်တာပေါ့လေ။ ဆေးလျှော့လိုက်လို့ ထပ်တိမ်းစောင်း သွားမယ်ဆိုရင် ဒီထက်ပိုဆိုးတဲ့ စိတ်ဝေဒနာ ခံစားရမယ်လို့တော့ စိုးရိမ်မိတာပေါ့”

အလားတူ သရက်ထောင်၌ တသက်တကျွန်းကျခံနေရသူ ရန်ကုန်တိုင်း သံလျင်မြို့နယ် အဖွဲ့ချုပ်လူငယ် စည်းရုံးရေး ခေါင်းဆောင် ကိုသန်းဇော်လည်း ထောင်တွင်းနှိပ်စက်မှုဒဏ်များကြောင့် ကျန်းမာရေးအခြေအနေ ဆိုးဝါးနေကြောင်းလည်း သိရသည်။ ကိုသန်းဇော်၏ ကျန်းမာရေး အခြေအနေကို မနေ့ကမှ ထောင်ဝင်စာ တွေ့ခွင့်ရခဲ့သူ မိခင် ဒေါ်ဆွေဆွေက ယခုလို ပြောပြသည်။

“ကိုသန်းဇော်ကတော့ ဒီနေ့ကတော့ ကောင်းပါတယ်။ ဒါ့ပေမယ့် သူကျောရှိ အရင်တုန်းက ရိုက်ထားတဲ့ ဒဏ်တွေကပေါ့ ဒဏ်ပြန်ပြန်ထပြီးတော့ ကိုက်တယ်၊ ခဲတယ်၊ ရောင်နေတယ်ပေါ့ အဲဒီလိုဖြစ်တယ်တဲ့ မဟုတ်ပဲနဲ့ စွပ်စွဲပြီးထောင်ချ ထောင်ထဲမှာသွင်းပြီးတော့ အဲလိုရိုက်တာပေါ့ ထောက်လှမ်းရေးတွေကလေ အဲဒီဒဏ်တွေက ပြန်ပြန်ထတယ်။ ကျန်းမာရေး

ကလည်း သိပ်မကောင်းဘူး၊ မျက်စိကလည်း မကောင်းဘူးပြောတယ်လေ အဲဒါ မျက်မှန်တော့ လုပ်ပေးထားတယ် ဒါပေမယ့် သိပ်ကြည့်လို့မရဘူးတဲ့။ အဖွားလည်း မတတ်နိုင်ဘူးလေ"

ကိုသန်းဇော်ကို ၁၉၈၉ ခုနှစ်တွင် အာဏာပိုင်တို့က ဗုံးခွဲမှုဖြင့်စွပ်စွဲပြီး ဖမ်းဆီးထောင်ချထားခြင်းဖြစ်သည်။ သားဖြစ်သူ ပြန်မလွတ်လာပါက သေကွဲကွဲရမည်ကို အထူးစိုးရိမ်ဖြစ်နေသည်ဟုလည်း အသက် ၇၀ ကျော် ဒေါ်ဆွေဆွေက ယခုလို ဆက်လက်ပြောပြသည်။

"သူသိပ်မကြာတော့ပါဘူး။ သူ ဘုရားတန်ခိုးတော်နဲ့ တရားအလုပ်ပဲလုပ်တယ်တဲ့ အမေလည်း တရားအလုပ်ပဲ လုပ်ပါတဲ့။ ဘုရားက ကယ်မှာပါတဲ့ မြန်မြန်လွတ်မှာပါတဲ့။ သိပ်မကြာပါဘူးလို့ပြောတာပဲ ဒါပေမယ့် အမေကတော့ သိပ်အားမရှိသလိုပဲ မျှော်လင့်တော့ မျှော်လင့်တာပေါ့လေ။ မျှော်လင့်ပေမယ့်လည်း အခုနပြောသလို အဖွားပဲ အရင်သေမလား၊ သူပဲ အရင်ထောင်ထဲမှာ သေမလား။ အဲဒါလည်း စိတ်ပူနေတာပေါ့လေ။ တရားအလုပ်လုပ်ပေမယ့်လည်း သားအတွက်လည်းပူရ၊ ကိုယ့်ကိုကိုယ်က သေရမှာတော့ မကြောက်ပါဘူး။ သားအတွက်ပဲ အဖွားစိတ်ပူတာပါပဲ။ သူ့ကျန်းမာရေးအတွက် အပြင်မြန်မြန်ထွက်ဖို့အတွက် အဲဒါပဲ စိတ်ပူနေရ၊ ဘုရားမှာလည်း အမြဲဆုတောင်းနေရပါတယ်"

ယခုလို နိုင်ငံရေးအကျဉ်းသားအားလုံးကို စစ်ထောက်လှမ်းရေးက မှားယွင်းဖမ်းဆီးထားခြင်းဖြစ်၍ ခြွင်းချက်မရှိ အမြန်ဆုံးလွတ်ပေးသင့်ကြောင်း ကိုနေလင်းစိုး၏ ဖခင် ဦးစံဝင်း က ယခုလိုတိုက်တွန်းသွားခဲ့သည်။

"တကယ် ၁၉၀၀၀ ကျော်လွတ်လိုက်တဲ့အခါမှာ ၈၀ လောက်ပဲပါတယ်လို့ ကျနော်တို့ကြားသိတယ်။ ကျနော်တို့ သားတွေကို ကိုသက်ဝင်းအောင်တို့ တခြားအများကြီးရှိပါသေးတယ်။ ၁၆ နှစ် တစ်လစ်တစ်လစ် ဖြစ်နေတဲ့အထဲမှာ ဒီလူတွေဟာ တကယ်တော့ လွတ်ပေးရမယ့်လူတွေပါ။ ကျန်းမာရေး မကောင်းတာတို့ နောက် ၁၀ (က) ဆိုပြီးတော့ ၅ နှစ်ကျော်ချုပ်ထားတဲ့ လူတွေရှိတယ်။ နောက်သူတို့ဝန်ခံချက်လည်း ရှိသားပြီတာပေါ့။ အမျိုးသားထောက်လှမ်းရေးအဖွဲ့က မလျော်မကန်လုပ်တယ်ဆိုတာ နိုင်ငံရေးမှုနဲ့ချထားတဲ့ အကျဉ်းခံနေရတဲ့ ၁၄၀၀ လောက် ခန့်မှန်းခြေရှိတယ်။ အဲဒီလူတွေကို အမျိုးသားထောက်လှမ်းရေးက လုပ်တာ မဟုတ်ဘူးဗျလို့ မေးရမယ့်မေးခွန်းလေး ရှိတယ်။ လွတ်ပေးဖို့ဆိုရင်တော့ ကျနော်တို့က ကျနော်သားရယ်၊ ကိုသက်ဝင်းအောင်ရယ်၊ အခြားလူတွေရယ်လို့ အဲလိုပုဂ္ဂလိက ကျနော် မတောင်းဆိုချင်ပါဘူး။ ကျနော်တောင်းဆိုချင်တာကတော့ ဒီကနေ့ ဖမ်းဆီးချုပ်နှောင် ထောင်ချထားတဲ့ မမှန်မကန် လုပ်ဆောင် ဖမ်းထားတဲ့ လူအားလုံးဟာ တကယ်ကို လွတ်ပေးရမယ့်လူတွေ လွတ်ပေးသင့်တဲ့လူတွေဖြစ်လို့ လွတ်ပေးပါလို့ပဲ ကျနော် တောင်းဆိုချင်တာပါ"

အစသို့

## အေဒ်စ်ရောဂါ တားဆီးရေး ဆောင်ရွက်နေသူ အဖွဲ့ချုပ်ဝင် ၁ ဦးအား ဖမ်းဆီးအရေးယူ

*၁၇၊ ဇန်နဝါရီ၊ ၂၀၀၅*

မကွေးတိုင်း ပခုက္ကူမြို့နယ် မြစ်ခြေကျေးရွာမှာ AIDS ရောဂါတားဆီးရေး ဆောင်ရွက်နေသော အဖွဲ့ချုပ်လူငယ်တဦးကို အာဏာပိုင်တို့က ဖမ်းဆီးအရေးယူရန် ပြင်ဆင်နေကြောင်းသိရသည်။ ဖြစ်ပွားပုံမှာ မကွေးတိုင်းအတွင်းရှိ ဒေသများ၌ AIDS ရောဂါကူးစက်မှု များပြားလာသဖြင့် မြစ်ခြေကျေးရွာ အဖွဲ့ချုပ်လူငယ် ကိုကျော်ကျော်နိုင်က ရွာရှိလူငယ်များကို AIDS ရောဂါတားဆီးရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ ထို့ပြင် ရောဂါကူးစက်ခံနေရသူများကို ရန်ကုန်ရှိ အဖွဲ့ချုပ်ဗဟို၏ အကူအညီဖြင့် သွေးစစ်ရန် ဆေးဝါးကုသမှု ခံယူရန်အတွက် ကိုကျော်ကျော်နိုင်က ကူညီဆောင်ရွက်ပေးနေသည်ဟုလည်း ဒေသခံတို့က ပြောဆိုသည်။ ပြီးခဲ့သည့်လ ၁၃ ရက်နေ့ကမှု ကိုကျော်ကျော်နိုင်၏ နေအိမ်၌ ချိတ်ဆွဲထားသော AIDS တားဆီးရေး ဆိုင်းဘုတ်ကို ဖြုတ်ပေးရမည်။ မဖြုတ်ပေးလျှင် ဖမ်းဆီးအရေးယူမည်ဟု မြို့နယ်စည်ပင်သာယာဥက္ကဋ္ဌက အမိန့်ထုတ်ခဲ့သည်ဟု ဆိုသည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး မကွေးတိုင်း အဖွဲ့ချုပ်ဝင်တဦးက ဒီဗွီဘီကို ယခုလို ပြောပြသည်။

"အကြောင်းက ဆိုင်းဘုတ်ဖြုတ်သိမ်းဖယ်ရှားပေးရန်ကိစ္စတဲ့၊ ရည်ညွှန်းချက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ပခုက္ကူမြို့၏ ၁၃ ရက်၊ ၁၂ လ၊ ၂၀၀၄ ခုနှစ် ရက်စွဲပါ စာအမှတ် ၅/၄၃၊ ၂/ဦး ၆ တဲ့။ ပခုက္ကူမြို့နယ် မြစ်ခြေကျေးရွာ တိုးချဲ့ရပ်ကွက်ရှိ ဦးကျော်ကျော်နိုင်၏ အိမ်ခေါင်မိုးတွင် ရေးသားထားသည့် စာတမ်းမှာ ကျန်းမာရေးဦးစီးဌာနမှ ခွင့်ပြုချက်မရှိခြင်း။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်မရှိခြင်း၊ တာဝန်ပေးအပ်ထားခြင်း မရှိပါပဲ ဆောင်ရွက်ထားတဲ့အတွက် လူကြီးမင်းအနေဖြင့် အဆိုပါဆိုင်းဘုတ်အား အမြန်ဆုံးဖယ်ရှားပေးရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ ၅/၉၃ နှင့် အညီ အရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်ပါကြောင်း အကြောင်းကြားပါသည်တဲ့။ နောက် မိတ္တူကို ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပခုက္ကူမြို့၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ပခုက္ကူမြို့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ပခုက္ကူမြို့၊ ဥက္ကဋ္ဌ မြစ်ခြေကျေးရွာ ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတဲ့။ အဲ့ဒါကို ပို့ထားတယ်နော်။ သူက ရေးထားတဲ့ဆိုင်းဘုတ်က AIDS ရောဂါတားဆီးရေးနဲ့အတူ မင်းကူပေးဆိုပြီးတော့ ကျော်နိုင်ရဲ့

အိမ်မှာ ခေါင်မိုးပေါ့ ဆိုင်းဘုတ်ကလေးရေးထားတာ အဲဒါပေါ့။ အဲဒါက သူက ဖြုတ်ခိုင်းတယ်။ အခု နောက်ဆုံးရတဲ့ သတင်းအရ သူ့ကို တရားတောင် စွဲနေတယ်လို့ကြားတယ်”

အစသို့

## နိုင်ငံရေးအကျဉ်းသားအချို့ ကျန်းမာရေးအခြေအနေ ဆိုးရွားနေကြောင်းသိရ

*၁၉၊ ဇန်နဝါရီ၊ ၂၀၀၅*

မြို့တော်ခန်းမရှေ့ ဆန္ဒပြမှုဖြင့် ဖမ်းဆီးထောင်ချခံထားရသူ ဥပဒေကျောင်းသား ကိုသက်နောင်စိုး အင်းစိန်ထောင်ထဲ၌ ကျန်းမာရေးအခြေအနေ ဆိုးဝါးနေပြီး စိတ်ရောဂါ အပြင်းအထန်ခံစားနေရသည်ဟု သိရသည်။ တကိုယ်လုံး ဝဲနာများ ပေါက်နေပြီး လူမှန်းသူမှန်း မသိသည့်အထိ အခြေအနေဆိုးဝါးနေသော်လည်း ထိုင်အာဏာပိုင်တို့က ဆေးဝါးကုသမပေးပဲ ပစ်ထားကြောင်း မကြာမီက အင်းစိန်ထောင်မှ ပြန်လွတ်လာသူ နိုင်ငံရေးအကျဉ်းသားတို့က ပြောဆိုသည်။ ကိုသက်နောင်စိုး၏ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်ပြီး ယခုလ ၃ ရက်နေ့က အင်းစိန်ထောင်မှ ပြန်လွတ်လာသူ ပဲခူးမြို့မှ ရှေ့နေကြီး ဦးအေးမြင့်ကလည်း ယခုလို ပြောပြသည်။

“ကျနော်မျက်မြင်ကိုယ်တွေ့ကတော့ သက်နောင်စိုးဆိုတဲ့ ကလေးလေး ကျနော်တို့ ၅ တိုက်ရဲ့ခေါင်းရင်း ၆ တိုက်မှာ ပြန်ရောက်နေတယ်။ ဝဲတွေလည်းစွဲလို့ သူကိုယ့်သူတောင် ဘာမှန်းမသိတော့ဘူး စကားပြောတဲ့လူတောင် မနည်း မျက်လုံးပြူး ကြည့်နေတာနဲ့ ကျနော်တို့က အဲ ၆ တိုက်ရှေ့ ရေပြတ်သွားရင် သွားချိုးရတဲ့ဗျ။ သွားချိုးရတော့ သူ့သူငယ်ချင်းတွေက မှတ်မိသလားသူ့ကိုမေးတော့ တယောက်မှ မမှတ်မိတော့ဘူး။ ဝိုင်းဝန်းပြီးတော့ ဝဲတွေစွဲလို့ ရောက်လာတော့မှ ရေမိုးချိုးပြီးတော့ ဒီကောင်လေးကို ကိုယ်တိုင်ကိုယ်ကျပေ့ါလေ။ ဝိုင်းရေချိုးပေးကြ ကျွေးကြပေ့ါ။ ဘိတ်ဆုံးသိလာတာ အမေလာတွေ့တာတောင်မှ အတွေ့မခံဘူးလို့ပြောသွားပြီ ဆွေမျိုးညီအကို မောင်နှမတောင်မှ မသိတော့ပါဘူး။ ဟိုမှာ နန္ဒာစစ်အောင်တို့၊ လွင်ကိုလတ်တို့ ဒီဘက်မှာတွင်လည်း တော်တော်များများပါ။ ကလေးတွေ ကျောင်းသားလူငယ်တွေ တော်တော် များများက စိတ်မကောင်းဖြစ်နေကြတာပေ့ါ။ မန်းရှင်မော်တို့ လွင်ကိုလတ်တို့ ဘာတို့ဆိုရင် မျက်ရည်တောင်ကျတယ် သူတို့ သူငယ်ချင်း အဲဒီမှာ လုံးဝစကားမပြောနိုင်၊ သူ့ကို မမှတ်မိ သွားကျွေးတာတောင်မှ ကြောင်တောင်တောင် ကြည့်နေရတာ မရိုက်မနက်ပဲနဲ့ ပညာသားပါပါ နှိပ်စက်တာကလေးတွေပါ။ ဟို အိမ်ပြန်ရောက်လို့ အိမ်မှာများ ယုယုယယနေရင် ပြန်ကောင်းနိုင်မလားလို့ ကျနော်တို့ယူဆပါတယ်။ ယဉ်ယဉ်လေးနဲ့ ရူးသွားပါပြီ”

အင်းစိန်ထောင်အတွင်း စိတ်ဝေဒနာခံစားနေရသူ နိုင်ငံရေးအကျဉ်းသား ၁၀ ဦးထက်မနည်း ရှိနေသည်ဟုလည်း ဦးအေးမြင့်က ပြောဆိုသည်။

မြစ်ကြီးနားထောင်၌ ထောင်နှစ်ရှည်ကျခံနေရသူ အမရပူရ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဇော်မြင့်မောင်မှာ ယခုလောလောဆယ် သွေးအားကျ ရောဂါခံစားနေပြီး ခန္ဓာကိုယ်ပိန်ကျသွားသည်ဟု ဇနီးသည် ဒေါက်တာဒေါ်ယုယုမေက ပြောပြသည်။

“ကောင်းတယ်ဆိုပေမယ့်လည်း အပြင်ပိုင်းအားဖြင့်တော့ ရုပ်လက္ခဏာကတော့ ဘာမှမရှိဘူးပေ့ါလေ။ ဒါပေမယ့် တအားပိန်တယ်ပေ့ါနော်။ ဟို သူကသွေးပေါင်ချိန်တွေ ကျကျနေတယ်တဲ့ အဲလို အမည်းအသီးလုံးလေးတွေလေ၊ အမည်းစက်ကလေးတွေပေ့ါ မျက်နှာမှာအနဲ့ပဲ။ အများကြီးပဲ။ အခုလည်းရှိတာပဲ။ ပိုပိုပြီး ကြာကြာလေလေ ပိုပြီး များလေပဲ”

နိုင်ငံရေးအကျဉ်းသား မိသားစုများအပေါ် လူသားချင်းညှာတာထောက်ထားသည့်အနေဖြင့် နိုင်ငံရေးအကျဉ်းသား အားလုံးကို အမြန်ပြန်လွှတ်ပေးသင့်ကြောင်းလည်း ဒေါ်ယုယုမေက ပြောပြသည်။

“ဟို လွှတ်စေချင်တဲ့ ဆန္ဒကတော့ အများကြီးရှိတာပေ့ါနော်။ ပြီးခဲ့တဲ့ နိုဝင်ဘာတုန်းက ကျမ တအားမျှော်လင့်ခဲ့ပါတယ်။ အဲတုန်းက အများကြီးလွှတ်တယ်ဆိုတော့ အဲထဲတော့ ပါမှာပဲလို့ အောင်မေ့ခဲ့တာပေ့ါနော်။ ဒါပေမယ့် ကျမ တအားကြီး မျှော်လင့်ခဲ့ပေမယ့် ကျမတအားကြီး စိတ်ပင်ပန်း လူပင်ပန်းဖြစ်ရတယ်လေ။ အခုနောက်ပိုင်းတော့ သိပ်ပြီး မျှော်လင့်ချက်မထားဘူး ဒါပေမယ့် လွှတ်စေချင်တဲ့ ဆန္ဒကတော့ တအားရှိတယ်။ ပြန်လွှတ်ရေးအတွက်ကတော့ ဘာမှ မစွမ်းဆောင်နိုင်ပါဘူးနော်။ ဒါပေမယ့် ကျမတို့ရဲ့ လူမှုဒုက္ခပေ့ါနော်၊ မိသားစုရဲ့ စိတ်ပိုင်းဆိုင်ရာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ အားလုံးဒုက္ခရောက်ခဲ့ရတာလည်း ကြာလှပြီ။ ဒါပေမယ့် အဲဒီ ဒဏ်တွေကို အားလုံးလည်း ကျမနဲ့အတူတူ အကုန်လုံးလည်း မိသားစုတွေ ခံနိုင်ရည်ရှိပါတယ်။ ဒါပေမယ့်လည်း လူလူချင်း စာနာထောက်ထားသောအားဖြင့်ပေ့ါနော်။ မိသားစုတတွေ ပြန်လည်ဆုံစည်းပြီးတော့ ကိုယ့်နေရတဲ့ လူဘဝသက်တမ်းလေးမှာပေ့ါနော်။ လူဖြစ်ရကျိုးနပ်အောင်လို့တော့ အေးအေးချမ်းချမ်းလေးတော့ နေသွားချင်ပါတယ်”

အစသို့

## နိုင်ငံရေးအကျဉ်းသားဆရာဝန်များ လွတ်မြောက်ရေး လန်ဒန် ဆရာဝန်များအသင်းက ဆောင်ရွက်နေ

*၁၉၊ ဇန်နဝါရီ၊ ၂၀၀၅*

နအဖ အကျဉ်းထောင်အတွင်း၌ မတရားဖမ်းဆီးခံနေရသည့် နိုင်ငံရေးအကျဉ်းသားဆရာဝန်များ လွတ် မြောက်လာရေးအတွက် လန်ဒန်အခြေစိုက် ဆရာဝန်များအသင်းက ဆောင်ရွက်နေကြောင်း သိရသည်။ နိုင်ငံတကာ ဆရာဝန်များအသင်းနှင့် ကုလသမဂ္ဂကျန်းမာရေးဌာနနှင့်ပါ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် ဗြိတိန် နိုင်ငံခြားရေးဌာန ဓနသဟာရရုံးနှင့် ပဏာမဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။ ထိုအခြေအနေနှင့် ပတ်သက်ပြီး ဗြိတိန် Medical Association အဖွဲ့ဝင်တဦးဖြစ်သူ ဒေါက်တာ ဝင်းနိုင်က ယခုလိုရှင်းပြထားသည်။

“ဆရာဝန်တွေဟာ အခုလို သူတို့ရဲ့ ခံယူချက်ကြောင့်ပေါ့လေ ခံယူချက်တခုကြောင့် အခုထိ Political Prisoners ဆိုတဲ့ နိုင်ငံရေးအကျဉ်းသားတွေ ဖြစ်နေတာဟာ ဆိုလို့ရှိရင် အင်မတန် ဝမ်းနည်းစရာကောင်းပါတယ်။ ဥပမာဆိုရင် ဒေါက်တာဇော်မြင့်မောင်တို့ ဒေါက်တာသန်းငြိမ်းတို့ ဒေါက်တာမေဝင်းမြင့်တို့ ဒေါက်တာခင်ဇော်ဝင်းတို့ ဒေါက်တာ မြင့်နိုင်တို့ ဆိုတာ သူတို့ရဲ့ ခံယူချက်တခုကြောင့် သူတို့ယုံကြည်ချက်တခုကြောင့် သူတို့ဟာ ဘာမှမပြစ်မရှိပဲနဲ့ ထောင်အတွင်း အကျဉ်းကျပြီးတော့ နိုင်ငံရေးအကျဉ်းသားအဖြစ် ခံစားနေရတယ်။ တကယ်လို့ သူတို့ဟာ နိုင်ငံရေးမလုပ်ခဲ့ဘူး။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ မဟုတ်ဘူးဆိုရင် သူတို့ ဘာမှဖြစ်စရာမရှိဘူး၊ သူတို့လည်း အပြစ်ရှာမှာမဟုတ်ဘူး။ အဲဒါတွေကို ကျနော်တို့ ရှင်းပြပါတယ်။ နိုင်ငံတကာက လည်းအကုန်လုံး နားလည်ပြီးတော့ သူတို့ဝိုင်းဝန်းပြီး လှုပ်ရှားကြမယ် ဆောင်ရွက်ကြမယ် ဆိုပြီးတော့ သူတို့ဟာ ဒါအကုန်လုံးညှိပြီးတော့ထားတဲ့ ကိစ္စဖြစ်ပါတယ်။ ဒီကြားထဲမှာ မဟုတ်ဘူး၊ ကျနော်တို့ ဆရာဝန်တွေတင် မဟုတ်ဘူး။ ဒေါ်အောင်ဆန်းစုကြည် အပါအဝင်ပေါ့လေ ၁၃၀၀ ကျော်သော မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးအတွက် ကျနော်တို့ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ အဲဒါကို အခုကျနော်တို့ နိုင်ငံခြားရေးဌာနနဲ့ ဆက်သွယ်ပြီးတော့ နောက် အစိုးရကနေ ကုလသမဂ္ဂကနေ တဆင့်ဆက်သွယ်ပြီးတော့ လုပ်ဖို့ နိုင်ငံတကာ ကျန်းမာရေးအမှုထမ်းများ ဆရာဝန်များအသင်းတွေ ကျနော်တို့ ဆက်လက်ပြီးတော့ လှုပ်ရှားမယ်ဆိုတာ စီစဉ်လျက်ရှိပါတယ် ခင်ဗျာ”

အကျဉ်းကျခံဆရာဝန်များ အမြန်ဆုံးလွတ်မြောက်ရေးအတွက် အစီအစဉ်အတိုင်း ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်သည်ဟုလည်း ၎င်းက အခုလို ပြောပြခဲ့သည်။

“ကျနော်တို့ အခုလို ဒီအခြေခံပေါ့လေ Local ပေါ့လေ။ Local MP တွေနဲ့ သက်ဆိုင်ရာအမတ်တွေနဲ့ ကျနော်တို့ တွေ့ပါမယ်။ တွေ့ပြီးတော့ အဲဒီကတဆင့် ကျနော်တို့ လွှတ်တော်ကိုလည်း သွားမယ်။ နိုင်ငံခြားရေး ဝန်ကြီးဌာကို သွားမယ်။ အဲကနေ တဆင့် ကျနော်တို့ UN ပေါ့လေ။ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့မှာရှိတဲ့ ကျန်းမာရေးအဖွဲ့ချုပ်ကို ကျနော်တို့ ထပ်ပြီးတော့ တင်မှာဖြစ်ပါတယ်။ တဆင့် တဆင့် အောက်ခြေက နေပြီးတော့ အောက်ခြေ Local MP ခေါ် လွှတ်တော်သက်ဆိုင်ရာနယ်မြေအမတ်တွေက တဆင့် လွှတ်တော်ကိုသွားမယ်။ လွှတ်တော်ကတဆင့် နိုင်ငံခြားရေးဝန်ကြီးဌာနကို သွားမယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနပြီးရင် သူ့ရဲ့ထောက်ခံချက်နဲ့ သူတို့ရဲ့ သက်ဆိုင်ရာမှတ်ချက်တွေနဲ့အတူတူ ကျနော်တို့ UN ကို ဆက်တက်မှာဖြစ်ပါတယ်။ UN ကျရင်လည်း သူတို့ ဒီဟာတွေဟာ မတရားဖမ်းဆီးခံထားရတဲ့၊ နောက် ရုံးချိန်းမတက်ရပဲနဲ့ အကျဉ်းချခံနေရတဲ့ ဆရာဝန်တွေကို အမြန်ဆုံး လွှတ်ပေးပါဆိုသူတို့က တောင်းဆိုမှာ ဖြစ်ပါတယ်ခင်ဗျာ”

မတရားဖမ်းဆီးခံနေရသည့် ဆရာဝန်များအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို အမြန်ဆုံးလွှတ်ပေးသင့်ကြောင်းလည်း ဒေါက်တာ ဝင်းနိုင်က ယခုလို တိုက်တွန်းသွားခဲ့သည်။

“အကျဉ်းချခံရတဲ့ ဆရာဝန်များအနေနဲ့ သူတို့ဟာ တကယ်တော့ National Service ခေါ်တဲ့ Civil Service တွေပေါ့လေ။ တိုင်းပြည်နဲ့လူမျိုးအတွက် ဆေးပညာနဲ့ အကျိုးပြုနေတဲ့ပုဂ္ဂိုလ်တွေဖြစ်တယ်။ တချို့ကလည်း အများကောင်းကျိုးအတွက် ကိုယ်ကျိုးစွန့်ပြီးတော့ နိုင်ငံရေးတွင် ဝင်ရောက်ပြီးတော့ ဆောင်ရွက်ခဲ့တယ်။ မိသားစု အကျိုးတွေ၊ ကိုယ့်အကျိုးတွေ ကိုယ့်အချိန်တွေပေးပြီးတော့ ဆောင်ရွက်ပြီးတော့ သူတို့အခုန နအဖ တို့ကပြောတဲ့ လုပ်ကြပါ လုပ်ကြပါ ပါတီစုံ လုပ်ကြပါဆိုလို့လည်း ဝင်လုပ်ရတယ်။ အခုကျတော့လည်း အပြစ်မရှိ အပြစ်ရှာပြီးတော့ သက်သက် ဒီ အကျဉ်းကျခံနေရတယ်။ ဒီကြားထဲက ဒေါက်တာသန်းမြင့်တို့ဆိုရင် ကျန်းမာရေးအလွန်ဆိုးဝါးနေကြတယ်။ ဒေါက်တာ ဇော်မြင့်မောင်ဆိုရင် အသက်ငယ်ငယ်လေးရှိသေးတယ် သူ့ရဲ့ဘဝရှေ့ရေးတွေ အများကြီး တက်လမ်းရှိတာတွေကို အကုန်စွန့်ပြီးတော့ လုပ်ရတာတွေ အင်မတန်ကိုအကျိုးတွေ စွန့်လွှတ်ပြီးတော့ နစ်နာတဲ့ အခြေအနေမှာရှိနေပါတယ်နော်။ အဲဒါကြောင့်မို့လို့ ကျနော်တို့ကနေပြီးတော့ အမြန်ဆုံးသူတို့ကို ချွင်းချက်မရှိနဲ့ အမြန်ဆုံး လွှတ်ပေးဖို့ ကျနော်တို့တောင်းဆိုမှာ ဖြစ်ပါတယ်”

ယခုလောလောဆယ် နအဖ အကျဉ်းထောင်ထဲ၌ အကျဉ်းကျခံနေရသော ဆရာဝန် ၅ ဦးရှိပြီး ၎င်းတို့မှာ လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဒေါက်တာသန်းငြိမ်း၊ ဒေါက်တာဒေါ်မေဝင်းမြင့်၊ ဒေါက်တာဇော်မြင့်မောင်၊ ဒေါက်တာမြင့်နိုင်နှင့် UN ဝန်ထမ်းဟောင်းတဦးဖြစ်သူ ဒေါက်တာခင်ဇော်ဝင်းတို့ ဖြစ်သည်။ အစသို့

## နိုင်ငံရေးအကျဉ်းသား ကိုရွှေမောင်အား ရိုက်နှက်နှိပ်စက်ပြီး တိုက်ပိတ်ထားကြောင်းသိရ

*၂၀၊ ဇန်နဝါရီ၊ ၂၀၀၅*

မန္တလေးထောင်၌ ဖမ်းဆီးထောင်ချခံနေရသူ အဖွဲ့ချုပ်ဝင်ကိုရွှေမောင်ကို အာဏာပိုင်တို့က ထောင်ဝင်စာ ပိတ်ပင်ထားရာ ယနေ့ထပ်မံသိရှိရသည့် သတင်းများအရ ထောင်အာဏာပိုင်တို့က ကိုရွှေမောင်ကို ယခုလ ၉ ရက်နေ့ကတည်းက ရိုက်နှက်နှိပ်စက်ခဲ့ပြီး တိုက်ပိတ်ထားကြောင်း သိရသည်။ ထိုအကြောင်းနှင့် ပတ်သက်ပြီး ဇနီးသည်မသန်းသန်းဝင်းကို ဆက်သွယ်မေးမြန်းခဲ့ရာ ယနေ့လည်း ထောင်ဝင်စာတွေ့ခွင့်မရဘဲ ပြန်လာခဲ့ရကြောင်း ယခုလို စတင်ပြောပြသည်။

"ထောင်မှူးဦးကျော်ကျော်လွင်နဲ့တွေ့ခဲ့တာ။ ထောင်မှူးဦးကျော်ကျော်လွင်က မတွေ့ရဘူးတဲ့။ မရသေးဘူးတဲ့ တွေ့လို့။ အဲဒါ ၂၈ ရက်နေ့မှလာတွေ့လှည့်တဲ့။ အဲနေ့လည်း အစ်မတို့တွေ့လို့ရရင်တော့ တွေ့ပေးမယ်တဲ့။ အဲဒါနဲ့ ကျမ ညွှန်ရုံး ဝင်မယ်ဆိုတော့ သွားခွင့် မပြုဘူး။ အဲ့ထောင်ထဲမှာ သူပြစ်မှုကျူးလွန်လို့တဲ့ အဲဒါကြောင့်မို့ တွေ့ခွင့်မရတာတဲ့။ ကျမအခု နဲ့နဲ စုံစမ်းကြည့်တာတော့ သူ့ကို ၉ ရက်နေ့ထဲက ရိုက်ထားတာသေချာတယ် အစ်မ။ အဲဒါကြောင့်မို့ သူဒဏ်ရာရတယ်။ ဒဏ်ရာရလို့မို့ ကျမကို ပေးမတွေ့ဘူးလို့ ကျမယူဆတယ်။ သူ့ကို ထမင်းအငတ်ထားတယ်လို့ ကျမကြားတယ်။ ဆန်ပြုတ် နဲ့ ရေနဲ့တော့ပေးတယ်တဲ့။ ကျမ ယောကျာ်း အသက်မှရှိသေးရဲ့လား။ ဒီထဲမှာကောရှိသေးရဲ့လားလို့ ကျမမေးတာ။ အဲလို ကတော့ ရှိပါတယ်တဲ့။ သူတယောက်တည်း သီးသန့်တိုက်ပိတ် ထားတာ"

ဟုတ်ကဲ့ အမ၊ ထောင်ဝင်စာ တွေ့ခွင့်မရဘူးဆိုတော့ ပစ္စည်းသွင်းခွင့်ရော ရခဲ့လာရှင်။

"တွေ့ခွင့်ရမယ်လို့ ဦးကျော်ကျော်လွင်ကပြောတော့ ကျမရင်ထဲမှာ အရမ်းပျော်သွားတာပေါ့နော်။ ဟိုထဲလည်း ရောက်ရော ကျမပစ္စည်းပစ္စယတွေဝယ်တယ်။ ဝယ်ပြီးတော့မှ ဦးရွှေမောင်တွေ့ရခါနီး အချိန်ကျမှ တွေ့လို့မရဘူးတဲ့ အဲလို မျိုးပြောတယ်။ ကျမ ပစ္စည်းတွေဝယ်ပြီးပြီးပေါ့နော်။ အဲတော့ ဆရာရယ်လို့ ကျမအနေအထားနဲ့က ဟို ပစ္စည်းတွေဝယ်ပြီး ပြီဆိုတော့ ဆရာရယ် လူ မတွေ့ရရင်နေပါ။ ကျမ ယောကျာ်းကို ဒီပစ္စည်းလေးတွေတော့ ပေးပေးပါ ဆိုပြီး ကျမက ပြော တယ်။ ပစ္စည်းပေးခွင့်မရဘူးတဲ့၊ ကျမက နွားနို့ယူသွားရတာလေ အဲတော့ အရေပဲလို့ ကျမ သွင်းခွင့်ရမလားလို့ဆိုတော့ နွားနို့လည်း သွင်းခွင့်မရဘူးတဲ့။ ဒါဆိုလို့ရှိရင်လည်း ဟုတ်ပြီး ကျမကို ပိုက်ဆံတော့ သွင်းခွင့်ပြုပါလားလို့၊ သူ့ဆေးဖိုးလေး ဝါးခလေးပေါ့နော်။ ဆေးလေးဘာလေး ကုရအောင်လို့။ တကယ်လို့များသူလိုအပ်ရင် ဆေးလေးဘာလေးဝယ်ဝက်ပြီးတော့ ကုရအောင်လို့ ပိုက်ဆံလေးယူထားလိုက်ပါဆိုတော့ ပိုက်ဆံသွင်းပြန်တော့လည်း ပိုက်ဆံလည်းသွင်းခွင့်မရဘူးတဲ့။ ထောင်ထဲကပဲ လိုအပ်ရင် ဆေးကုပေးမှာပါတဲ့။ အဲတိုင်းပြောတာ ဦးရွှေမောင်ကို သူတို့စား ခွင့်မပြုတာဆိုတာ သေချာနေ ပါပြီ။ အငတ်ထားတယ်ဆိုတာ သေချာနေပါပြီ အမရယ်"

ဟုတ်ကဲ့၊ ထောင်ထဲမှာ ကိုရွှေမောင်က ပြစ်မှုကျူးလွန်တယ်ဆိုတာနဲ့ ပတ်သက်လို့တော့ အမဘယ်လိုလုပ် သိရ သလဲ။

"ထောင်ထဲမှာ သူပြစ်မှုကျူးလွန်တယ်ဆိုတာလည်း ကြီးကြီးကျယ်ကျယ် မဖြစ်နိုင်ဘူး။ ကျမစုံစမ်းသိရှိရတာ က တော့ ညွှန်မှူး ရောင်းလှည့်တဲ့အချိန်မှာ ပုံစံထိုင်တာ အချိုးမကျလို့ ရိုက်တယ်လို့ ကျမကကြားတယ်။ သူတို့ကို ကြည့်ရ တာ တမင်သက်သက် ကျမယောကျာ်းကိုများ အပြစ်ချပြီးရိုက်သလားဆိုတာ ကျမမသိဘူး"

အခု ထောင်ဝင်စာ ပိတ်ခံထားရတာ နှစ်ပတ်ရှိပြီးဆိုတော့ ICRC ကို အကူအညီတောင်းတာမျိုးရော ရှိလားရှင့်။

"ကျမ ICRC ကိုသွားတယ်။ ICRC ကသူတို့အထက်ကို သွားတင်ပြမယ်တဲ့ အဲဒါပဲပြောတယ်။ သူတို့ကလည်း သူတို့ဝင်ခွင့်ပြုမှ ဝင်ရတယ်ဆိုတဲ့အကြောင်းပေါ့နော်။ ရန်ကုန်ကိုတင်ပြလိုက်အုံးမယ်တဲ့။ ICRC ကို လည်း သွားတယ်ကျမ ဒီ ဦးရွှေမောင်တို့ကို ကိုင်တာ SB တို့ပြောတော့ ကျမ SB ကိုသွားတွေ့တော့ SB က လည်း သူတို့ထောင်ထဲမှာ ပြစ်မှု ကျူးလွန်တယ်ဆိုတော့ ဒီ ထောင်ထဲက အမှုနဲ့ပဲဆိုင်တယ်ဆိုတော့ ကျမက သူတို့ပြောသလိုပဲတဲ့ နောက် ၂၈ ရက်နေ့မှ လာတွေ့ကြည့်ပေါ့တဲ့၊ အဲဒီတိုင်းပြောတာ"

အစသို့

## လူ့အခွင့်အရေးစာတမ်းဖြန့်ဝေမှုဖြင့် စစ်ဆေးခံနေရသူ စောဘန်ကူးအား အပြစ်မှ လွှတ်လိုက်

*၂၀၊ ဇန်နဝါရီ၊ ၂၀၀၅*

လူ့အခွင့်အရေး ကြေငြာစာတမ်းဖြန့်ဝေမှုဖြင့် ဖမ်းဆီးခံနေရသူ စောဘန်ကူး၏အမှုနှင့် ပတ်သက်၍ မိမိတို့အဖွဲ့က တရားရုံး သို့လာရောက်ရန် ပျက်ကွက်ခဲ့သည်ဆိုသော အချက်မှာ မှန်ကန်မှုမရှိကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် UNDP ရန်ကုန်ရုံးခွဲတာဝန်ခံက ယနေ့ ငြင်းဆိုလိုက်သည်။ ထိုအမှုနှင့် ပတ်သက်၍ တရားရုံးနှင့် ရှေ့နေတို့ထံမှပါ ဘာမှ တရားဝင် ဖိတ်ကြား ဆင့်ခေါ်ခြင်း မရှိသေးဟု UNDP ရုံးညှိနှိုင်းရေးမှူး ချားလ် ပတ္တရီက ယခုလိုပြောပြသည်။

"UNDP ကတရားရုံးဆီကို သွားဖို့ငြင်းဆိုခဲ့တာ မှန်ပါသလားလို့ ခင်ဗျားက ကျနော်ကိုမေးတယ်။ ကျနော့်အဖြေ ကတော့ မဟုတ်ပါဘူး။ ဒါမမှန်ပါဘူးလို့ ဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ တရားရုံးဆီကိုလာဖို့ ကျနော်တို့ကို

ဖိတ်ကြားတာမျိုး တခါမှ မရှိသေးလို့ ဖြစ်ပါတယ်။ ဒါပေမယ့် ကျနော်ပြောနိုင်တာကတော့ ဒီအမှုအပေါ် ကျနော်တို့ အတော် စိုးရိမ်ပူပန်မှုရှိပါတယ်။ ဒီအမှုကို အနီးကပ်စောင့်ကြည့်လေ့လာနေပါတယ်"

ထို့ပြင် လူ့အခွင့်အရေးကြေငြာစာတမ်း ဖြန့်ဝေ၍ ယခုလို ဖမ်းဆီးခံနေရသည်မှာ ကြောင်းကျိုးဆက်စပ်မှု မရှိဟု လည်း ၎င်းက အခုလို ဆက်လက် ပြောပြသည်။

"ဒုတိယအနေနဲ့ ကျနော်ဆက်ပြောချင်တာကတော့ ဒီအမှုဟာ မှားယွင်းတဲ့အမှုဖြစ်နိုင်ပါတယ်။ ဘာကြောင့် လည်းဆိုတော့ လူ့အခွင့်အရေးကြေငြာချက်လို့ လူတို့အားလုံးသိဖို့ ထုတ်ဝေထားတဲ့ စာရွက်စာတမ်းကို ဖြန့်ဝေထားတဲ့ အဲဒီပုဂ္ဂိုလ်ကို ရာဇဝတ်မှုနဲ့ စွဲချက်တင် စစ်ဆေးနေတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီအချက်ကို အစိုးရကလည်း ကျနော်နဲ့ လက်ခံလိမ့်မယ်လို့ ထင်ပါတယ်။ ဒီလို ဖြန့်ဝေဖို့အတွက် အစိုးရနဲ့ သဘောတူညီချက်ရထားပြီး ဖြစ်သလို ကျောင်းသုံး စာအုပ်ထဲမှာတောင် ပြဌာန်းထားပြီးတာ ဖြစ်တဲ့အတွက် ဒီစာရွက်တွေ ဖြန့်ဝေလို့ ရာဇဝင်မှုနဲ့ စစ်ဆေးနေတယ်ဆိုတာကို ကျနော်ကတော့ မဖြစ်နိုင်ဘူးလို့ ထင်ထားပါတယ်"

ထိုစာရွက်စာတမ်းများကို UNDP အနေဖြင့် မည်သို့ဖြန့်ဝေနေပြီး အလားတူ ဖမ်းဆီးမှုများ ကြုံတွေ့ဖူးခြင်း ရှိမရှိ မေးမြန်းရာ၌ ယခုလို ဖြေကြားသွားခဲ့သည်။

"ဟုတ်ကဲ့၊ ဒီစာရွက်စာတမ်းတွေကို ကျနော်တို့ ဖြန့်ဝေနေတာကြာပါပြီ အစိုးရနဲ့ညှိနှိုင်းပြီ ဖြန့်ဝေနေတာပါ။ ဒီမှာ Information Center ရှိပါတယ်။ ဒီမှာရှိတဲ့ လူ့အခွင့်အရေးကြေငြာစာတမ်းကို ဘယ်သူမဆို လာယူနိုင်ပါတယ်ခင်ဗျ။ တခြားနည်းတွေနဲ့လည်း ကျနော်တို့ ဖြန့်ဝေနေပါတယ်။ ဘာမှ ထူးထူးခြားခြား ပြဿနာမရှိခဲ့ပါဘူး။ ဒါကြောင့် အခုကိစ္စကို ကျနော်တို့ နားမလည်နိုင် ဖြစ်နေရတာပါ"

စောဘန်ကူးအမှုကို လိုက်ပါဆောင်ရွက်ပေးနေသည့် အဖွဲ့ချုပ်ရှေ့နေ ဦးတင်ဝင်း ဖျာပုံထောင်တရားရုံးမှ ရန်ကုန် မြို့သို့ ပြန်ရောက်လာပြီဖြစ်၍ အမှုတွဲ နောက်ဆုံးအခြေအနေနှင့်ပတ်သက်ပြီး မေးမြန်းရာ၌ ယခုလို ဖြေကြားသွားသည်။

"ဖျာပုံအကျဉ်းထောင် တရားရုံးကနေပြီးတော့ အဲ သူ့ကို စောဘန်ကူးသည် "ဤ ကြေငြာစာနဲ့ ပတ်သက်ပြီး ပုံနှိပ်တာလည်း ပုံနှိပ်ကြောင်း တရားလိုဘက်က သက်သေမပြနိုင်၍ စောဘန်ကူးကို အပြစ်မှလွတ်လိုက်သည်" လို့ တရားသူကြီးက အမိန့်ချလိုက်တယ်ဗျာ။ အဲဒါပဲ"

စောဘန်ကူးကို လူ့အခွင့်အရေး စာတမ်းဖြန့်ဝေမှုမှ လုံးဝလွတ်ပေးလိုက်ပြီဖြစ်သော်လည်း မူလအမှုဖြစ်သည့် အမျိုးသားအောင်ပွဲနေ့ ကျင်းပရန် ကြံစည်မှုကိုမူ တခြားပါတီဝင် ၁၂ ဦးနှင့် အတူ ဆက်လက်ရင်ဆိုင်ရမည် ဖြစ်သည်။ ထိုအမှုကို ရှေ့သီတင်းပတ်၌ ဆက်လက်စစ်ဆေးရန် ရှိနေပြီး ယခုလမကုန်မီ စီရင်ချက်ချလိမ့်မည်ဟု မျှော်လင့်ရကြောင်း ဦးတင်ဝင်းက ဒီမို ကရက်တစ် မြန်မာ့အသံကို ပြောကြားသွားခဲ့သည်။ အစသို့

## ဒေါက်တာသန်းငြိမ်းအား ထောင်သက်တမ်း ၁ နှစ် ထပ်မံ တိုးလိုက်ပြန်ပြီ

*၂၃၊ ဇန်နဝါရီ၊ ၂၀၀၅*

မတရားဖမ်းဆီးခံထားရသည့် အဖွဲ့ချုပ် ကျောက်တန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်း ကို ပုဒ်မ (၁၀) က ဖြင့် ထပ်မံ၍ ထောင်ဒဏ်သက်တမ်း ၁ နှစ် တိုးလိုက်ကြောင်း သိရသည်။

အဖွဲ့ချုပ် ရန်ကုန်တိုင်းစည်းရုံးရေးအဖွဲ့ ဒုဥက္ကဋ္ဌလည်းဖြစ်သည့် ဒေါက်တာသန်းငြိမ်းကို စစ်အစိုးရက ၁၉၉၇ ခုနှစ် ဖေဖေါ်ဝါရီလ ၁၇ ရက်နေ့တွင် မတရားဖမ်းဆီးပြီး ထောင် ၇ နှစ် ချမှတ်ခဲ့သည်။ ဒေါက်တာသန်းငြိမ်းမှာ ထောင်ထဲ၌ အကျဉ်းသားတိုင်း ရရှိနေကြ ပုံမှန်လျော့ရက် လုံးဝမရသည့်အပြင် ၂၀၀၄ ဇူလိုင်လ ၂၃ ရက်နေ့က လွတ်ရက်စေ့ခဲ့သော် လည်း အာဏာပိုင်တို့က ပြန်လွှတ်မပေးခဲ့ပေ။ ၂၀၀၄ ဇူလိုင်လ ကစပြီး တကြိမ်ကို ၂ လနှုန်းဖြင့် ၃ ကြိမ်တိုင်တိုင် ပုဒ်မ ၁၀ ဖြင့် ဆက်လက်ချုပ်နှောင်ခြင်းကို ခံခဲ့ရသည်။ ထိုသို့ မတရားဖမ်းဆီးထားသည်ကို မကျေနပ်သည့်အတွက် ဒေါက်တာ သန်းငြိမ်းက အင်းစိန်ထောင်အတွင်း အစာအငတ်ခံ ဆန္ဒပြသည့်အခါ အာဏာပိုင်တို့က ပေါင်းတည်ထောင်သို့ ပြောင်းရွှေ့ ခဲ့သည်။ ယခု ထောင်သက်တမ်း ၃ ကြိမ်တိုးပြီး ၆ လပြည့်သည့် ၂၀၀၅ ဇူလိုင် လ ၁၈ ရက်နေ့တွင် ထောင်အာဏာပိုင် တို့က ဒေါက်တာသန်းငြိမ်းကို လာတွေ့ပြီး ကိုယ်ရေးရာဇဝင် ဖြည့်ခိုင်းခဲ့သည်ဟု သိရသည်။ သို့သော်လည်း ဒေါက်တာ သန်းငြိမ်းကို ပြန်လွှတ်ပေးခြင်း မဟုတ်ပဲ ပုဒ်မ (၁၀) ကဖြင့် ထပ်မံ၍ ထောင်ဒဏ် ၁ နှစ် သက်တမ်း တိုးလိုက်ခြင်းသာ ဖြစ်ကြောင်း ပေါင်းတည်ထောင်သို့ ထောင်ဝင်စာ သွားတွေ့နေသူ ဇနီးသည် ဒေါ်ခင်အေးက ပြောပြသည်။ နောက်တနေ့ ၁၉ ရက်နေ့တွင် ရန်ကုန်မှ အထူးအာဏာပိုင်အဖွဲ့ဆင်းလာပြီး ဒေါက်တာသန်းငြိမ်းကို ထပ်မံတွေ့ဆုံခဲ့သော်လည်း ယခု အချိန်အထိ ဆေးကုသခွင့်မပေးသေးကြောင်းလည်း ဒေါ်ခင်အေးက ပြောပြသည်။

အသက် ၆၀ ကျော်နေပြီဖြစ်သည့် ဒေါက်တာသန်းငြိမ်းမှာ ထောင်တွင်းအခြေအနေ ဆိုးဝါးမှုများကြောင့် အသည်း၊ နလုံး၊ ဆီးချိုနှင့် အကြောထုံဆိုင်းသော ဝေဒနာတို့ကို ခံစားနေရသည်ဟုလည်း သိရသည်။ ယခုလို ထောင်သက်တမ်း ၁

နှစ် ထပ်မံတိုးလိုက်သော်လည်း ဇနီးတဦးအနေဖြင့် ဒေါက်တာသန်းငြိမ်း အမြန်ဆုံး ပြန်လွတ်လာလိမ့်မည်ဟု မျှော်လင့်နေကြောင်းလည်း ဒေါ်ခင်အေးက ဒီဗွီဘီကို ပြောပြသည်။ အစသို့

## ဖမ်းဆီးခံထားရသော ရန်ကုန်တိုင်းမှ အဖွဲ့ချုပ်ဝင်များအား မိသားစုတို့က တွေ့ခွင့်မရသေး

*၂၄၊ ဇန်နဝါရီ၊ ၂၀၀၅*

ပြီးခဲ့သည့်လ ၁၉ ရက်နေ့က ဖမ်းဆီးခံထားရသည့် အလုံမြို့နယ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဘမြင့်နှင့် အခြား အဖွဲ့ဝင် ၄ ဦးကို အာဏာပိုင်တို့က ထောင်ဝင်စာတွေ့ခွင့်မပေးသည့် အပြင် ရုံးထုတ်စစ်ဆေးခြင်းလည်းမရှိ၍ ဒုက္ခရောက်နေကြသည်ဟု သိရသည်။

အင်းစိန်ထောင်၌ ဖမ်းဆီးထားသည်ဟု ယူဆရသောကြောင့် ဦးဘမြင့်၏ မိသားစုဝင်တို့က ယခုလ ၆ ရက်နေ့က ထောင်ဝင်စာ သွားတွေ့ခဲ့သော်လည်း အာဏာပိုင်တို့က လက်မခံခဲ့ကြောင်း မိသားစုဝင် တဦးက ပြောပြသည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး ICRC က အကြောင်းကြားခဲ့သော်လည်း ၎င်းတို့ကို ICRC ကလည်း ယခုချိန်အထိ တွေ့ခွင့်မရသေးကြောင်း ပြန်လည်ပြောဆိုခဲ့သည်ဟု ဆိုသည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဘမြင့်၊ အဖွဲ့ဝင် ဦးဘတင့်၊ ကမာရွတ်မြို့နယ် အဖွဲ့ဝင်များဖြစ်ကြသည့် ကိုခင်ကျော်၊ ကိုအောင်မျိုးဆန်းနှင့် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်း လုံခြုံရေးတာဝန်ယူခဲ့ဘူးသူ ကိုထွန်းလင်းကျော်တို့ကို ပြီးခဲ့သည့် လ ၁၉ ရက်နေ့ဝန်းကျင်၌ အာဏာပိုင်တို့က ဆက်တိုက်ဆိုသလို ဖမ်းဆီးခဲ့ပါသည်။ သို့သော် ၎င်းတို့အားလုံးကို ရုံးတင်စစ်ဆေးခြင်း မရှိသလို မိသားစုနှင့်လည်း တွေ့ခွင့်မပေးသည့်အတွက် အကျဉ်းထောင်အတွင်း ကျန်းမာရေးနှင့် စားဝတ်နေရေးက အစ အခက်တွေ့နေရကြောင်း မိသားစုဝင်တို့၏ ပြောပြချက်အရ သိရသည်။ အစသို့

## ဘိုကလေးမြို့နယ်မှ အဖွဲ့ချုပ်ဝင်များ အမှု ယခုလ ၂၇ ရက်နေ့တွင် ဆက်လက်စစ်ဆေးမည်

*၂၄၊ ဇန်နဝါရီ၊ ၂၀၀၅*

နိုင်ငံတကာ လူ့အခွင့်အရေးကြေငြာစာတမ်း ဖြန့်ဝေမှုဖြင့် ဖမ်းဆီးခံနေရသည့် စောဘန်ကူးမှာ အပြစ်မရှိကြောင်း ဖျာပုံထောင်တရားရုံးက ဆုံးဖြတ်လိုက်၍ အထူးအားရကျေနပ်မိသည်ဟု စောဘန်ကူး၏ရှေ့နေ ဦးတင်ဝင်းက ယနေ့ ပြောကြားလိုက်သည်။ ဤသည်မှာ နအဖဘက်က လူ့အခွင့်အရေးကို လေးစားလာသည့် သဘောဟု ယူဆနိုင်သလို ဥပဒေကြောင်းအရ အောင်မြင်မှုတခုဖြစ်သည်ဟုလည်း ရှေ့နေဦးတင်ဝင်းက ယခုလိုပြောပြထားသည်။

"ရှေ့နေတယောက် အနေနဲ့ဆိုလို့ ရှိရင်တော့ အမှန်တရားကို ပေါ်အောင် ဖော်ထုတ်ဖို့ရတဲ့အတွက် ကြောင့်မို့လို့ ပီတိဖြစ်တယ်။ နောက်တခုက အဲလို အများပြည်သူကို မမှန်မကန်စွပ်စွဲပြီး တရားစွဲတာတွေကို ရှေ့နေ ရှေ့ရပ်ကနေပြီးတော့ တရားဝင်ခုခံချေပခွင့် ရခဲ့လို့ရှိရင် ဒါတွေဟာ အောင်မြင်နိုင်တယ်ဆိုတဲ့ လမ်းတခုပွင့်တယ်လို့လည်း ဒါ အများပြည်သူအတွက် ကျေနပ်အားရမိတယ်"

ရောဝတီတိုင်း မြင်းကကုံးရွာမှ အသက် ၃၀ ဝန်းကျင်ရှိ စောဘန်ကူးမှာ ပြီးခဲ့သည့် ဒီဇင်ဘာလ ၆ ရက်နေ့က စတင်ဖမ်းဆီးခံခဲ့ရသည်။ ၎င်းကို စတင်ဖမ်းဆီးစဉ်က အမျိုးသားအောင်ပွဲနေ့ ကျင်းပရန် ကြံစည်မှုဖြစ်သော်လည်း နောက်ပိုင်း၌ ကဒုံကနီဒေသတွင် လူ့အခွင့်အရေးကြေငြာစာတမ်း ဖြန့်ဝေသည်ဆိုပြီး သီးခြားအမှုတခုနှင့် စွဲချက်တင်ခဲ့သည်။ ထိုအမှုကို တလနီးပါးကြာ ဖျာပုံထောင် တရားရုံးအတွင်း ငြင်းခုံကြပြီးနောက် ယခုလ ၁၉ ရက်နေ့၌ သက်သေအထောက်အထား မခိုင်ဟုဆိုပြီး အမှုကို ပလပ်လိုက်သည်။ သို့သော် စောဘန်ကူးမှာ ယခုအချိန်အထိ ဖမ်းဆီးခံနေရဆဲဖြစ်ပြီး လာမည့် ၂၇ ရက် ကြာသပတေးနေ့တွင် မူလအမှုဖြစ်သည့် အမျိုးသားအောင်ပွဲနေ့ ကျင်းပရန် ကြံစည်မှုကို ဆက်လက်ရင်ဆိုင်ရဦးမည် ဖြစ်သည်ဟုလည်း ဦးတင်ဝင်းက ယခုလို ဆက်ပြောပြထားသည်။

"အပြီးသတ်လျှောက်လဲချက်က ၂၇ ရက်နေ့ ကြာသပတေးနေ့ကို ရှေ့နေ ၄ ယောက်လုံးသွားမှာ။ ဒီ ဖျာပုံအကျဉ်းထောင် တရားရုံးထဲမှာ မြို့နယ်တရားသူကြီး ဒေါ်တင့်တင့်စန်းရှေ့မှာ တဖက်က ခရိုင်ဥပဒေအရာရှိကိုယ်တိုင် ဆင်းကိုင်တယ်။ ကျနော်တို့ ဒီဘက်က ဦးအောင်ခင်ဘိုတို့ ၁၂ ဦးမှာ ၆ ဦး၊ ၆ ဦး တရားခံ ၆ ဦးစီကို ပထမ ၆ ဦးမှာ ဦးအောင်သိန်းနဲ့ ဦးတင်ဝင်း၊ ဒုတိယ အမှု ၆ ဦးအတွက် ကျော်ဟုန်းနှင့် ဦးမောင်မောင်လတ်တို့ ရောဝတီတိုင်း ဖျာပုံမြို့နယ်အကျဉ်းထောင် သီးသန့်တရားရုံးထဲမှာ လျှောက်လွဲချက်ပေးကြမယ်"

စောဘန်ကူးနှင့်အတူ ဖမ်းဆီးခံနေရသည့် အဖွဲ့ချုပ်ပါတီဝင်များမှာ ဘိုကလေးမြို့နယ် ဥက္ကဋ္ဌ ဦးအောင်ခင်ဘို အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်ဌေး၊ ဦးခင်မောင်ချစ်၊ ဦးသက်ထွန်း၊ ဦးတင်ဦး၊ ဦးအောင်မြင့်၊ ဦးဝင်းနိုင်၊ ဦးလှမြင့်၊ ဒေါ်မိမိစိမ်း၊ ဒေါ်နှင်းဆီနှင့် ဒေါ်ခင်ခင်လေးတို့ ဖြစ်သည်။ အစသို့

## ICRC ကူညီမှုဖြင့် ကလေးမြို့ အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသားများ စာရေးခွင့်ရရှိ

*၂၇၊ ဇန်နဝါရီ၊ ၂၀၀၅*

စစ်ကိုင်းတိုင်းအထက်ပိုင်း ကလေးအကျဉ်းထောင်ကို ကမ္ဘာ့ကြက်ခြေနီအဖွဲ့ချုပ် ICRC အဖွဲ့ဝင်များ ဝင်ရောက်စစ်ဆေးပြီး သက်ဆိုင်ရာမိသားစုများထံ စာရေးခွင့်ပြုသည့်အတွက် နိုင်ငံရေးအကျဉ်းသားများ ပျော်ရွှင်နေရကြောင်း သိရသည်။ ယခုလို ICRC မှတဆင့် မိသားစုနှင့် စာရေးဆက်သွယ်ခွင့်ရသည်မှာ ရှားပါးသည့် အခွင့်အရေးတရပ်ဖြစ်၍ နိုင်ငံရေးအကျဉ်းသားများ ဝမ်းသာအားရဖြင့် စာထိုင်ရေးနေကြသည်ဟု သိခဲ့ရကြောင်း ယနေ့ ထောင်ဝင်စာတွေ့ပြီး ပြန်လာသူ နိုင်ငံရေးအကျဉ်းသား ကိုနေဦး၏ ဇနီး မသန္တာက ပြောပါသည်။ ICRC ရောက်နေသည့်အတွက် ထောင်ဝင်စာတွေ့ရသည်မှာ အဆင်ပြေသော်လည်း တွေ့ဆုံချိန်နည်းသည့်အတွက် စိတ်မကောင်းဖြစ်ပြီး ပြန်ခဲ့ရသည်ဟု မသန္တာက ယခုလို ဆက်လက် ပြောပြသည်။

"ဒီ တွေ့တဲ့အချိန်ကျတော့ မိနစ်က ၂၀ ထဲ၊ ၁၅ မိနစ် ၅ မိနစ်ပိုတောင်းလိုက်တော့ မိနစ် ၂၀၊ အဲ မိနစ် ၂၀ မှာ သူလည်းအဆင်ပြေအောင်ပြော ကိုယ်လည်းပြောပေ့ါနော်။ ပြောပြီးရင် ရင်ထဲမှာမကောင်းဘူး။ အဲမှာ ကျမတို့ တွေ့ပြီးပြီဆိုရင် စိတ်မကောင်းဖြစ်ပြီး ပြန်လာရတာ အဲဒီရဲ့ ခံစားချက်က တော်တော်လေး ပြင်းထန်တယ်။ ဘာကြောင့်လည်း ဆိုတော့ ဒီအထဲကလူကို ထားခဲ့ရတာလည်း စိတ်မချဘူးလေ။ ကျန်းမာရေးအရ၊ အစားအသောက်ပေ့ါနော် အားလုံးပေ့ါ အစစအရာရာပေ့ါ၊ သူ့ကိုစိတ်မချဘူး။ ကျမလိုမျိုး အားလုံးလည်း ခံစားရပါတယ်"

ရန်ကုန်မြို့မှ ကလေးမြို့အထိ လာရသည်မှာ အသွားအပြန်အနည်းဆုံး ၈ ရက်ကြာ၍ အဝေးမှလာရသော နိုင်ငံရေးအကျဉ်းသား မိသားစုများကို မန္တလေးထောင်နည်းတူ အချိန်ကို ၂ ရက်ပေး တွေ့သင့်သည်ဟုလည်း မသန္တာက ယခုလို ပြောကြားသွားသည်။

"အဝေးကြီးကလာတဲ့လူက ၂ ရက်ဆက်တိုက်ပေ့ါလေ။ အဲလို တွေ့ခွင့်ရရင် ပိုကောင်းတာပေ့ါ။ သူတို့အထဲက လိုချင်တဲ့ပစ္စည်းကို ဘာတွေဘာတွေ လိုချင်သေးတယ်လို့ မှာလိုက်တဲ့ဟာတွေကို ကျမတို့က ထပ်ပြီးဝယ်ပေးနိုင်ရင် ပိုကောင်းတယ်။ အဲဒါလေးကတော့ ပိုအဆင်ပြေတာပေ့ါ။ မန္တလေးက အဲဒီလိုမျိုးရှိတယ်။ ကျမတို့ဆီမှာမရှိဘူး။ ဘာကြောင့်လည်း ဆိုတော့ ကျမတို့ဆီမှာ ကလေးထောင်မှာ ပိုရှိသင့်တယ်။ ဘာလို့လည်းဆိုတော့ ခရီးက တော်တော်ဝေးတာကိုး ဆိုတော့ အထဲကလူကို ကျမတို့က သူတို့လိုအပ်တာလေးတွေမှာ ဘာတွေလိုအပ်နေတယ် ဆိုတာတော့ အိမ်ကနေပြီးတော့ မှန်းပြီးတော့ ယူသွားတာပေ့ါနော်။ ဟိုကျမှ ထပ်ပြီးလိုအပ်တဲ့ ပစ္စည်းတွေကို ဟို နောက် တလ၊ နှစ်လလောက်ကြာမှ ထပ်ပြီးတော့ပေးရမယ်ဆိုတော့ သူတို့လည်း တကယ်လိုအပ်တဲ့အချိန်မှာ သုံးရတော့ အသုံးမတဲ့ဘူးပေ့ါ။ ကျမတို့ကလည်း မပေးရတော့ စိတ်မကောင်းဘူးပေ့ါနော်။ အဲလို စိတ်ထိခိုက်ပြီး ပြန်ရတာမျိုးလည်းမဖြစ်ချင်ဘူး။ အဲလိုမျိုး ၂ ရက် ဆက်တိုက်လေး ပေးတွေ့မယ်ဆိုရင် ပိုကောင်းတာပေ့ါ"

ကလေးထောင်၌ မတရားအကျဉ်းချခံနေရသူ နိုင်ငံရေးအကျဉ်းသား ကိုနေဦး၏ဇနီး မသန္တာဖြစ်သည်။ ကိုနေဦးမှာ လွန်ခဲ့သည့် ၁၉၈၉ ခုနှစ်က ဒေါ်အောင်ဆန်းစုကြည်ထံ ကျောင်းသားများ၏ သဘောထားကြေငြာချက်စာစောင် ပေးပို့မှုဖြင့် ဖမ်းဆီးခံရပြီး ထောင် ၁၄ နှစ်ချမှတ်ခံနေရသူ ဖြစ်သည်။ အစသို့

## လူ့အခွင့်အရေးကြေငြာစာတမ်း ဖြန့်ဝေသူ ၃ ဦး တိမ်းရှောင်နေရဆဲ

*၂၇၊ ဇန်နဝါရီ၊ ၂၀၀၅*

နိုင်ငံတကာလူ့အခွင့်အရေးကြေငြာစာတမ်းကို ဖြန့်ဝေမှုဖြင့် ဖမ်းဆီးခံရသူ ဘိုကလေးမြို့က စောဘန်ကူးတွင် အပြစ်မရှိကြောင်း ဖျာပုံထောင် တရားရုံးကဆုံးဖြတ်လိုက်သော်လည်း ၎င်းနှင့်အတူ ဖမ်းဝရမ်းထုတ်ခံထားရသည့် အဖွဲ့ချုပ် လူငယ် ၃ ဦးကိုမူ ယခုချိန်ထိ ဝရမ်းကို ပြန်လည်မရုတ်သေးဘူးဟု သိရသည်။ ထိုသို့ ဝရမ်းမရုတ်သေး၍ အဆိုပါ လူငယ် ၃ ဦးမှာ ယခုအချိန်ထိ အိမ်မပြန်ရဲဘဲ ပုန်းရှောင်ဆဲဖြစ်သည်။ ၎င်းတို့ ၃ ဦးမှာ ကိုအောင်ဇော်ဦး၊ ကိုသိန်းထွန်းနှင့် ကိုအောင်ကျော်ဇေယျ တို့ဖြစ်သည်။ ၎င်းတို့ ၃ ဦး၏ နောက်ဆုံးအခြေအနေနှင့် ပတ်သတ်ပြီး ပြေးရှောင်နေရဆဲဖြစ်သူ ကိုအောင်ဇော်ဦးက ယခုလို ရှင်းပြထားသည်။

"အမှုကတော့ လောလောဆယ်တော့ ပြီးသွားပြီပေ့ါဗျာ။ တရားရုံးကတော့ အမှုကို အနိုင်ပေးလိုက်ပြီးပေ့ါ ဒါပေမယ့် ကျနော်တို့ကို ကပ်ထားတဲ့ ဝရမ်းကိုတော့အခုထပ်ထိတော့ မကွာသေးဘူး။ အိမ်မှာပဲ မျက်နှာစာမှာ ကပ်ထားတယ် ဝရမ်း ၂ ရွက်ကိုတော့ အခုထပ်ထိ မကွာသေးဘူး။ သူတို့ကပါတာက ကျနော်တို့ကိုလည်း ၃၁ ရက်နေ့ နောက်ဆုံး ထားပြီးတော့ ခရိုင်တရားသူကြီးကို လာတွေ့ရမယ်လို့ပါတယ်လေ။ အဲကပ်ပြီးမှ ကိုစောဘန်ကူးအမှုက လွတ်သွားတာကိုး လွတ်သွားတော့သူက ဖြေရှင်းချက်အာဏာပိုင်က လာမပြောသေးဘူး။ လာမခွာသေးဘူး။ ကျ နော်ရယ် ကိုသိန်းထွန်းရယ်၊ ကိုအောင်ကျော်ဇေယျရယ် ကိုစောဘန်ကူးရယ် အားလုံး ၄ ဦးပေ့ါ။ ၄ ဦးမှာ လောလောဆယ် တိမ်းရှောင်နေတာကတော့

၃ ဦးပေါ့ဗျာ။ သူက ဖျာပုံက ခရိုင်တရားသူကြီးက အမိန့်ကပ်ထားတာကို ကပ်ထားတော့ ဒီဝရမ်းပေါ်မှာ ဒီ ဘိုကလေးမြို့နယ် အာဏာပိုင်တွေအနေနဲ့ တစုံတရာ ဘာမှ အိမ်ကို အကြောင်းကြားခြင်းတို့ဘာတို့ လောလောဆယ်တော့ မရှိသေးပါဘူး ခင်ဗျ"

စောဘန်ကူးမှာ လူ့အခွင့်အရေး ကြေငြာစာတမ်းဖြန့်ဝေမှုဖြင့် အပြစ်မရှိကြောင်း ဆုံးဖြတ်ပြီးဖြစ်သော်လည်း မူလအမှု ဖြစ်သည့် အမျိုးသားအောင်ပွဲနေ့ကျင်းပရန် ကြံစည်မှုကိုမူ ယနေ့ ဖျာပုံထောင်တရားရုံး၌ စစ်ဆေးခံရရန် ရှိနေသည်။ ၎င်းနှင့်အတူအစစ်ခံရမည့် ဘိုကလေးမြို့နယ် ပါတီဝင် ၁၂ ဦးမှာ ဥက္ကဋ္ဌဦးအောင်ခင်ဘို အဖွဲ့ဝင်များဖြစ်သည့် ဦးအောင်ငွေ၊ ဦးခင်မောင်ချစ်၊ ဦးသက်ထွန်း၊ ဦးတင်ဦး၊ ဦးအောင်မြင့်၊ ဦးဝင်းနိုင်၊ ဦးလှမြင့်၊ ဒေါ်မိမိစိန်၊ ဒေါ်နှင်းဆီနှင့် ဒေါ်ခင်ခင်လေးတို့ဖြစ်သည်။ ထိုအမှုအတွက် လိုက်ပါလုပ်ဆောင်ပေးနေသည် အဖွဲ့ချုပ်ရှေ့နေ ၄ ဦးမှာ ဦးအောင်သိန်း၊ ဦးတင်ဝင်း၊ ဦးကျော်ဟိုးနှင့် ဦးမောင်မောင်လတ်တို့ဖြစ်ပါသည်။ ထိုအမှုကို ဆုံးဖြတ်ပေးမည့် တရားသူကြီးမှာ ဒေါ်တင့်တင့်စန်း ဖြစ်ပြီး ယနေ့ မည်သို့ဆုံးဖြတ်မည် ဆိုသည်ကို အားလုံးက စောင့်ကြည့်နေကြသည်။ အစသို့

## ဘိုကလေးမြို့နယ်မှ အဖွဲ့ချုပ်ဝင်များ၏အမှု ဖေဖော်ဝါရီ ၂ ရက်နေ့တွင် စီရင်ချက်ချမည်

*၂၈၊ ဇန်နဝါရီ၊ ၂၀၀၅*

အမျိုးသားအောင်ပွဲနေ့ကျင်းပရန် ကြံစည်မှုဖြင့် မတရားဖမ်းဆီးခံထားရသူ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်က ပါတီဝင် ၁၂ ဦး၏အမှုကို ဖေဖော်ဝါရီ ၂ ရက်နေ့ လာမည့် ဗုဒ္ဓဟူးနေ့တွင် စီရင်ချက်ချရန် ဆုံးဖြတ်လိုက်ကြောင်း သိရသည်။ ၎င်းတို့ ၁၂ ဦးကို မနေ့က အပြီးသတ်စစ်ဆေးခဲ့ပြီး ဖျာပုံမြို့နယ်တရားရုံးက ယခုလို ဆုံးဖြတ်ချက်ချလိုက်ခြင်းဖြစ်သည်။ ထိုအမှုကို လိုက်ပါဆောင်ရွက်ပေးနေသည့် အဖွဲ့ချုပ်ရှေ့နေများက မပြစ်မရှိကြောင်း အပြီးသတ် လျှောက်လွှဲချက်တင်ခဲ့သည်ဟု အမှုကို လိုက်ပါနေသူ ရှေ့နေဦးတင်ဝင်းက ယခုလို ပြောပြသည်။

"အန်ကယ်လ်တို့က နှစ်ဖက်လျှောက်လဲချက်ပေးတယ်ဆိုတဲ့အလုပ်ဟာ မနေ့က ပေးခဲ့ပြီးပြီ။ အန်ကယ်လ်တို့ပေးတယ်ဆိုတာက အန်ကယ်တို့ အမှုသည်တွေကို စွဲကတည်းက ဥပဒေနဲ့လည်း မညီပါဘူး။ သူတို့အပြစ်လည်း လုံးဝ မရှိပါဘူး။ အဲလို ပြောပြီးတော့ အဲဒီလျှောက်လဲချက်ကို အန်ကယ်လ်တို့က မနေ့ကတင်ခဲ့တာ။ အဲဒါတွေ အန်ကယ်တို့ဘက်က လူတွေကိုလဲ အန်ကယ်တို့က စဖြစ်ကတဲ့ကိုက အခုလို ဖြစ်တဲ့ကိစ္စကို ခင်ဗျားတို့ မလိမ်နဲ့။ သူတို့လည်း ပြောင်ပြောတယ်။ မလိမ်ဘူး။ နောက် အန်ကယ်တို့ဘက်က သက်သေတွေက တယောက်မှ လိမ်ထွက်တာ မရှိဘူး။ လိမ်တာက သူတို့တရားလိုဘက်က တရားစွဲတဲ့ အဖွဲ့အစည်းက လိမ်တာတွေချည်းပဲ"

ထိုအမှုကိစ္စအတွက် ဖျာပုံမြို့ကို သွားရာ၌ အာဏာပိုင်တို့ဘက်က မျက်ခြေမပြတ်စောင့်ကြည့်မှု ပိုများလာနေသည်ဟုလည်း ဦးတင်ဝင်းက ပြောဆိုသည်။

ဘိုကလေးမြို့နယ် အဖွဲ့ချုပ် ဦးအောင်ခင်ဘို အဖွဲ့ဝင်တွေဖြစ်သည့် ဦးအောင်ငွေ၊ ဦးခင်မောင်ချစ်၊ ဦးသက်ထွန်း၊ ဦးတင်ဦး၊ ဦးအောင်မြင့်၊ ဦးဝင်းနိုင်၊ ဦးလှမြင့်၊ စောဘန်ကူး၊ ဒေါ်မိမိစိန်၊ ဒေါ်နှင်းဆီနှင့် ဒေါ်ခင်ခင်လေးတို့မှာ ပြီးခဲ့သည့်လ ကတည်းက ဖမ်းဆီးခံထားရခြင်းဖြစ်ပြီး ယခုအချိန်အထိ မိသားစုနှင့် တွေ့ခွင့်မရပဲ ဖြစ်နေသည်။ ထိုအတောအတွင်းမှာပင် ရွှေခမောက်သွန်းလောင်မှုဖြင့် မွန္တလေး၌ ထောင် ၃ နှစ်ကျခံနေရသူ ထွန်တုံး မြို့သစ်က အဖွဲ့ဝင် ကိုရွှေမောင်ကိုလည်း ယခုအချိန်ထိ အာဏာပိုင်တို့က ထောင်ဝင်စာတွေ့ခွင့် မပေးသေးကြောင်း မြို့ခံတို့၏ ပြောကြားချက်အရ သိရသည်။ အစသို့

## ဒေါက်တာသန်းငြိမ်း ပြည် အကျဉ်းထောင်အတွင်း၌ ကျန်းမာရေးအခြေအနေ ပိုမိုဆိုးရွားနေ

*၃၀၊ ဇန်နဝါရီ၊ ၂၀၀၅*

လွတ်ရက်စေ့နေသော်လည်း ပြန်လွတ်မပေးပဲ ထောင်သက်တမ်း တနှစ် ထပ်တိုးလိုက်သည့်အတွက် ကျောက်တန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်း၏ ကျန်းမာရေးအခြေအနေ ပိုဆိုးလာသည်ဟု သိရသည်။

နိုင်ငံတော်ဆူပူမှုဖြစ်မည်ကို စိုးရိမ်၍ တနှစ် ထပ်မံချုပ်ထားရသည်ဆိုသည့် အာဏာပိုင်တို့၏ မမှန်ကန်သော အကြောင်းပြချက်အပေါ် ဒေါက်တာ သန်းငြိမ်းအနေဖြင့် အလွန်စိတ်အနှောက်အယှက်ဖြစ်နေသည်ဟုလည်း ဇနီးသည် ဒေါ်ခင်အေးက ပြောပြသည်။ ထို့ပြင် ထောင်အမျိုးမျိုးပြောင်းရွှေ့သည့် ဒဏ်ဖြင့် သုံးလအကြာ ဆေးကုသခွင့် မရ၍ အသည်း၊ ဆီးကျိတ်၊ အစာအိမ်နှင့် အရိုးကျီးပေါင်းတက်ရောဂါများ ပိုဆိုးလာသည်ဟုလည်း သိရသည်။ ထိုအတိုင်းသာ ဆက်လက်ဖမ်းဆီးထားမည်ဆိုရင် စိတ်ထောင်းကိုယ်ကြေဒဏ်များဖြင့် ဒေါက်တာသန်းငြိမ်း အသက်ပါ ဆုံးရှုံးနိုင်ကြောင်းလည်း ဒေါ်ခင်အေးက ပြောပြသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး ပိုမိုသိရှိနိုင်ရန် ပြည်အကျဉ်းထောင်သို့ ၂ ပတ်ကြာ ထောင်ဝင်စာ သွားတွေ့ခဲ့ပြီး မနေ့က ပြန်ရောက်လာသည့် ဒေါ်ခင်အေးကို ဆက်သွယ်မေးမြန်းခဲ့ရာ ယခုလို စတင်ရှင်းပြသည်။

"အန်တီ ၁၃ ရက်နေ့က တခါတွေ့တယ်လေ နောက် ၂၂ ရက်နေ့ပေါ့ ၂ ရက်နေ့က တခါတွေ့တယ် နောက် အခု ၂၈ ရက်နေ့မှာ တခါတွေ့တယ်။ ဟိုဟာ တပတ်ကို တခါတွေ့လို့ ရတယ်လေ။ အန်ကယ်အတွက် ပြောတာကို လာဖတ်ပြမယ့်ဟာလည်း နားထောင်ချင်တယ်။ နောက် ဟို အန်ကယ်လည်း စိတ်နည်းနည်း သူလည်း စိုးရိမ်စိတ်တွေလည်း များနေတာပေါ့နော်။ ဘာဖြစ်မှလည်းဆိုတာကိုလေ အဲဒါနဲ့ အန်တီက အဲမှာပဲ ဆက်နေ မနေ့က မှ အန်တီပြန်လာတာလေ။ လဆန်းကို အန်တီ အန်ကယ်သူငယ်ချင်း တယောက်နဲ့ သွားနေမယ်လေ။ ဟိုဟာ တပတ် လောက် လကုန်ရက်လောက် သွားနေပြီးမှ ဟိုမှာ သုံးပတ်လောက် သွားနေမယ် အဲလို မှန်းထားတယ်လေ။ အန်တီပါ ထောင်ကျနေတာပေ့ါ"

ဒီဗွီဘီ — တနှစ်ထပ်တိုးတာကို ဘယ်ရက်မှာ သိရလည်း အန်တီ၊ သူတို့ဘယ်လိုအကြောင်းပြတယ် တဲ့လဲရှင်။

"ဟိုဟာ ၂၂ ရက်နေ့ သွားတွေ့တော့မှ သိရတာလေ။ ၈ ရက်နေ့မှာ နည်းနည်း ဟို အဆင့်နည်းနည်း ငယ်တဲ့ ၂ ယောက်လာပြီးတော့ ဖတ်ကြတယ်တဲ့။ အရင်တုန်း အဲ သတိပေးတာဟာတွေလည်း ပြောကြတာပေ့ါ။ နောက် ၁၉ ရက်နေ့မှာ သူတို့ထက် နည်းနည်းကြီးတဲ့ လာတယ်တဲ့။ လာပြီးတော့ တခါ ဆက်ပြီးတော့ ဆွေးနွေးတယ်တဲ့ အဖေကလည်း ပြောပြတာပေ့ါလေ ဟို နောက် ၂၀ ရက်နေ့မှာ အားလုံးထဲမှာ အကြီးဆုံးပေ့ါ၊ သူ့ထက်သူ လူစွမ်းကောင်းတွေပေ့ါ၊ အဲဒါ လာပြီးတော့ တခါ လာဆွေးနွေးတယ်တဲ့ လာဆွေးနွေးတော့ အန်ကယ်က ပြောလိုက်တယ်တဲ့။ ကျုပ်က တိုင်းပြည်အတွက် အလုပ်လုပ်တာ၊ ကျုပ်နေခဲ့မြို့တွေကို ခင်ဗျားတို့ ဖုန်းဆက်ပြီးတော့မေးကြည့်၊ ကျနော်ဘာတွေ လုပ်ခဲ့သလဲဆိုတာ ကျနော် အတွက် ကိုယ့်ကျိုးအတွက် ကျနော်ဘာမှ မလုပ်ခဲ့ဘူး။ တိုင်းပြည်အတွက်ပဲ ကျနော်လုပ်ခဲ့တာလို့ ပြောလိုက်တယ်တဲ့"

ဒီဗွီဘီ — ဟုတ်ကဲ့၊ ဟို သူတို့ဖတ်ပြတာက ဒီ နိုင်ငံတော်ဆူပူမှုဖြစ်မှာဆိုလို့ ထပ်ဖမ်းထားတာလို့ အဲလို ဖတ်ပြလို့ အန်ကယ်က ပြန်ပြောတာလား အန်တီ။

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ် အန်ကယ်ပြောလိုက်တယ်တဲ့၊ ခင်ဗျားတို့ အဲလို စာထဲမှာ ဖတ်ကြတဲ့ဥစ္စာကို ကျုပ်ကို ဆဲတာထက်တောင် နာသေးတယ်လို့ ဘာလို့လည်းဆိုတော့ ကိုယ့်ကတိုင်းပြည်အတွက်ကို အလုပ်စလုပ်ရင်းကလည်း လုပ်ခဲ့တယ်။ ဟို ကျောင်းနေတုန်းကဆိုလို့ရှိရင်လည်း အများကောင်းကျိုးအတွက် ကျောင်းသားတွေကို စုပြီးတော့ သမဂ္ဂ ဘာညာ စသဖြင့် အဲမှာ ဟို ကြိုးကြပ်တာတွေ ဘာတွေပေ့ါ သူတို့လုပ်ခဲ့တယ်။ အခု အလုပ်လုပ်တော့လည်း တိုင်းပြည် အတွက်ကို ကိုယ့်ကိုယ်ကျိုးကိုပါ မကြည့်ပဲနဲ့ လုပ်ခဲ့တယ်ပေ့ါ။ အဲဒီထဲမှာမှ ဒီတိုင်းပြည်ကို အန္တရာယ်ဖြစ်အောင်ဆိုတာ ကျုပ်ကိုဆဲတာထက်တောင် နာသေးတယ်လို့ ပြောလိုက်တယ်တဲ့။

ဒီဗွီဘီ — ဟုတ်ကဲ့၊ အခုကော ဆေးကုသခွင့် ရလား အန်တီ၊ ဒီ အခု ပြည်ထောင်မှာလေ ...

"မရပါဘူး။ ဟိုဟာလေ အခု အသည်းဆိုလို့ရှိရင် အခု ၂ ရက်နေ့ ဆိုလို့ရှိရင် ၃ လရှိပြီးလေ ပြမပေးတာ။ နောက် ၄ ရက်နေ့မှာ အစာအိမ် မှန်ပြောင်းကြည့်တာတွေ လုပ်ရမယ်။ ဆီးကျိတ်ပြန်စစ်ရမယ်လေ သူက ၆ လတခါကို အဲ ၂ မျိုးက ၆ လတခါဆိုတော့ အခု သူတို့ စစ်မပေးဘူးဆိုရင်၊ တကယ်လို့ ကင်ဆာဖြစ်လာတယ်ဆိုလို့ရှိရင် မတတ်နိုင်ဘူးလေ။ ဟို ပြည်မှာရှိတဲ့ အထူးကုအဖွဲ့ကလည်း လာတော့လာတယ် ဒါပေမယ့် သူတို့ အနေနဲ့တဲ့ သွေးထွက်ရင် သွေးသွင်းတာ ကလွဲလို့ သွေးတိတ်အောင်တော့ လုပ်ဖို့သူတို့မှာ ကိရိယာတော့ မရှိဘူးတဲ့။ အန်ကယ်ကလည်း အဲဒါကိုတော့ စိုးရိမ်နေတယ်။ ခါးကလေ ကျည်းပေါင်းတက်တဲ့ ဥစ္စာက ဟို အန်တီ ခတ်မှန်တခါ ရိုက်တုန်းက အန်တီတွေ့တယ်။ ဘေးမှာ အစက် ကလေးတွေလေ ဟိုဘက် ဒီဘက် လေး၊ ငါး ချက်လောက် ထွက်တယ်။ အဲဒါ ခါးကို ကုန်းလိုက် မတ်လိုက် အဲလို လုပ်တဲ့ အခါကျတော့ အကြောဘေးကို ထိုးမိတဲ့ သဘောမျိုးရှိတယ်။ ၁၀ မိနစ်လောက် လျှောက်လိုက်လို့ရှိရင် ထိုင်လိုက်ရတယ်။ အကြောက သူက တော်တော် ဆိုးဆိုးဖြစ်နေတယ်လေ။ အဲတော့ ခရီးတွေ အဲလို သွားလိုက်ရတော့ နည်းနည်းပိုဆိုးသွားတာပေ့ါ။ အင်းစိန်က နေပြီးတော့ သာယာဝတီပို့ သာယာဝတီကနေပြီးတော့ ဆေးရုံကြီး Guard Ward ပို့ အဲဒီကမှ တဆင့် တခါ အင်းစိန်ပြန်ပို့၊ အင်းစိန်ကတခါ ပေါင်းတည်ပို့၊ ပေါင်းတည်ကတခါ ပြည်ပို့ဆိုတော့ သူ့ကျန်းမာရေးကလည်း ဒီ ခါးတွေဘာတွေ နာတဲ့ဥစ္စာကလေ လေ့ကျင့် ခန်းလုပ်ထားလို့ သက်သာတဲ့ ဥစ္စာကြီး အကုန်လုံးက တော်တော်ကြီးကို ပြန်ပြီး ဆိုးနေတယ်တဲ့၊ ဒီ အကြောတွေဆိုလည်း သူ အထဲထဲမှာ ထိုင်လိုက်ထလိုက်နဲ့ ဟို စားဖို့သောက်ဖို့ လုပ်ရတယ် လေ။ အဲဒါလေးတွေတောင်မှ ဒီ ခါးနဲ့ ခြေထောက်တွေက တော်တော်လေးကို ခံရတယ်တဲ့ အဲလိုပြောတယ်လေ"

ဒီဗွီဘီ — ဒေါက်တာသန်းငြိမ်းကို ၆ လ ပိုချုပ်ခဲ့တယ်။ နောက်အခု တနှစ်ထပ်တိုးလိုက်တဲ့အတွက် ကျန်းမာရေး ကပါ ပိုဆိုးလာတယ်ဆိုတော့ ဟို ဒီအပေါ်မှာလေ အန်တီ ဇနီးတဦးအနေနဲ့ ဘယ်လိုမျိုး ခံစားချက် ဖြစ်မိလည်းရှင်။

"အန်တီကတော့လေ ဟို သူတို့လည်း ကတိတွေပေးထားတယ်ဆိုတော့ လူသားအချင်းချင်း အန်တီပြောခဲ့ဖူးပါ တယ်။ လူသားအချင်းချင်း စာနာဖို့ပေ့ါနော်။ အခု တခါ ဖြစ်သွားမယ်ဆိုရင် ဟို သေဖို့ပဲရှိတာပေ့ါ။ သူတို့လည်း ကတိပေး ထားတာရှိတယ်။ ပေါင်းတည်မပို့ခင် သာယာဝတီကနေပြီးတော့ Guard Ward ကို ပို့တုန်းက ကျိမ်းသေပေါက် လွှတ်ပေး ပါမယ်ဆိုပြီး ပြောတာကို တကယ်လို့များ ဟို သူတို့ကတိအတိုင်း တည်မယ်ဆိုရင်လည်း လွှတ်များ ပေးမလားဆိုတာကို လည်း အန်တီက တွက်တာပေ့ါနော်။ ၂ မျိုးတွက်တာပေ့ါ သူတို့ ကတိမှ မတည်တာကိုး " အစသို့